ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ စနေနေ့၊ (22-11-2008) (၅၈၇၀)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# မျက်မှောက်ကာလတွင် နိုင်ငံကြီးအချို့သည် ခေတ်သစ်ကိုလိုနီစနစ်ကို ကျင့်သုံးပြီး အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လျက် ဩဇာလွှမ်းမိုးရန် အားထုတ်နေ တိုင်းရင်းသားပြည်သူအပေါင်းတို့က အမျိုးသားရေးသတိဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက် မှုဝါဒလမ်းစဉ် ခုနစ်ရပ်ကို အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာ

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို နယ်ချဲ့လက်တွင်းမှ ပြန်လည်ရယူနိုင်ရန် ကြိုးပမ်းလှုပ်ရှားမှုများတွင် ကဏ္ဍတစ်ရပ်အနေဖြင့် အရေးပါခဲ့သောအမျိုးသားရေး လှုပ်ရှားမှုကြီးကို ဂုဏ်ပြုသည့် (၈၈)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့အား ချစ်ကြည်လေးစားစွာ နှုတ်ခွန်း ဆက်သလိုက်ပါသည်။

မြန်မာတို့သည် မျိုးရိုးဗီဇအားဖြင့် အမျိုးသားဝံသာနုရက္ခိတစိတ်ဓာတ် မြင့်မားသူများဖြစ်သည် နှင့်အညီ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှုနှင့် ကိုယ့်ရိုးရာဓလေ့တို့ကို အားရဂုဏ်ယူတတ်ကြသော ဇာတိမာန် စိတ်ဓာတ် တက်ကြွပြင်းထန်သူများ ဖြစ်ကြပေသည်။ ခေတ်အဆက်ဆက်တွင်လည်း တိုင်းရင်းသား ညီအစ်ကို မောင်နှမအပေါင်းတို့သည် နယ်ချဲ့တို့၏ မည်သည့်ကျူးကျော်မှုမျိုးကိုမဆို ထက်မြက်မြင့်မား သည့် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကိုအခြေခံ၍ ရှုပ်ရှုပ်ချွံချွံ သက်စွန့်ကြိုးပမ်း တုံ့ပြန်တိုက်ဖျက် တွန်းလှန်အောင်မြင်ခဲ့ကြသည်ချည်းသာ ဖြစ်သည်။

နယ်ချဲ့တို့၏ ကိုလိုနီကျွန်ပညာရေးစနစ်သည် ကိုလိုနီအုပ်ချုပ်ရေးယန္တရားကို သက်ဆိုးရှည် စေရန် ရည်ရွယ်ထားသည့် ပညာရေးစနစ်သာဖြစ်ခဲ့သည်။ ၁၉၂၀ပြည့်နှစ် အမျိုးသားပညာရေးလှုပ်ရှား မှုသည် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားရေးလှုပ်ရှားမှုသန္ဓေကို ဖြစ်တည်ရှင်သန်လာစေခဲ့သဖြင့် အစဉ် ထာဝရ မော်ကွန်းတင်ရမည့်နေ့ ဖြစ်ပေသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ★

# တိုးတက်အောင်မြင်နေသည့် မန္တလေးစက်မှုဇုန်



## သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
## တင်မောင်(မန္တလေး)

မန္တလေးမြို့သည် ရှေးယခင်ကတည်းက စက်မှု လက်မှု ထွန်းကားခဲ့သော မြို့ကြီးတစ်မြို့ဖြစ်သည်။

မန္တလေးရတနာပုံသည် ၁၈၈၅ ခုနှစ် မတိုင်မီက ဒင်္ဂါးစက်ရုံ၊ ကြေးနန်းစက်ရုံ၊ လက်နက်စက်ရုံ၊ ရက်ကန်းစက်ရုံ၊ ရတနာပုံသတင်းစာတိုက်များဖြင့် စက်မှုလုပ်ငန်းများ ထွန်းကားခဲ့သည်။ အိမ်ရှေ့ ကနောင်မင်းသားကြီးသည် ရေမြုပ်ဗုံးကိုပင် စမ်းသပ် အောင်မြင်ခဲ့သည်အထိ စက်မှုထွန်းကားခဲ့ပြီး နယ်ချဲ့ တို့ ကျူးကျော်ခဲ့သည့်အချိန်မှစ၍ စက်မှုကဏ္ဍ တိမ်မြုပ်ကွယ်ပျောက်ခဲ့ရသည်။

နောက်ပိုင်းကာလတွင် မန္တလေးရတနာပုံသည် စိန်ပန်းစက်မှုလုပ်ငန်းဖြင့် အရှိန်အဝါကြီးခဲ့ပြီး မန္တလေး **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❁

**UD Group** စက်ရုံမှ ထုတ်လုပ်ပြီးစီးလျက်ရှိသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

## (၈၈)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ The Mirror
၂၂-၁၁-၂၀၀၈
(စနေနေ့)

# (၈၈)နှစ်မြောက် အမျိုးသားနေ့ဦးတည်ချက်များနှင့်အညီ အမျိုးသားရေးတာဝန်များ ဦးလည်မသုန် ထမ်းရွက်

၁၃၇၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက် (ယနေ့) သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၈၈)နှစ်မြောက် **"အမျိုးသားနေ့"** ဖြစ်သည်။

အမျိုးသားနေ့သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ထင်ရှားသော အမျိုးသားရေးလှုပ်ရှားမှု မှတ်တိုင်အဖြစ် ကမ္ပည်းတင် စိုက်ထူခဲ့သည့်နေ့ဖြစ်သည်။ အဆိုပါ အမျိုးသားရေးလှုပ်ရှားမှုသည် နယ်ချဲ့တို့ မြန်မာနိုင်ငံအား စိုးမိုးထားချိန်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ရာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက် အမျိုးသားရေးမီးရှူးတန်ဆောင် သဖွယ် လမ်းပြဖော်ဆောင်ပေးခဲ့သည်။

အမျိုးသားနေ့ ပေါ်ပေါက်လာချိန်သည် နယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်ပြု၍ မြန်မာနိုင်ငံကိုအခမ့်သိမ်းပိုက်ကာ တစ်နိုင်ငံလုံး နယ်ချဲ့တို့၏ စိုးမိုးအုပ်ချုပ်မှုအောက်သို့ ရောက်ရှိနေချိန် ဖြစ်သည်။

နယ်ချဲ့တို့က မြန်မာနိုင်ငံကို စိုးမိုးထားချိန်တွင် ကိုလိုနီစနစ်ကို အထောက်အကူဖြစ်စေမည့် ရန်ကုန်တက္ကသိုလ် ဥပဒေကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ဥပဒေသည် မြန်မာတိုင်းရင်းသား လူငယ်များအတွက် အဆင့်မြင့်ပညာသင်ယူနိုင်ခွင့်ကို ကန့်သတ်ထားရုံသာမက မြန်မာနိုင်ငံအား ဆက်လက်ကျွန်ပြုစိုးမိုးရေးကိုပါ ရည်ရွယ်ဖန်တီးထားသည့် ဥပဒေဖြစ်သည်။

ထို့ကြောင့် အမျိုးသားရေးစိတ်ဓာတ်မြင့်မားသည့် မျိုးချစ်လူငယ်များက အဆိုပါ ကိုလိုနီပညာရေးဥပဒေကို ကန့်ကွက်ခဲ့ကြသည်။ နယ်ချဲ့အစိုးရကို ဆန့်ကျင်၍ တိုးတက်ကောင်းမွန်သော တက္ကသိုလ်ပညာရေးစနစ်ကို တောင်းဆိုသည့် အမျိုးသားရေး လှုပ်ရှားမှုကြီး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

အမျိုးသားရေးလှုပ်ရှားမှုသည် ကိုလိုနီပညာရေးစနစ်ကိုသာ ဆန့်ကျင်ခြင်းမဟုတ်ဘဲ နယ်ချဲ့အစိုးရ၏ ဖိနှိပ် ချုပ်ချယ်အုပ်ချုပ်မှုကိုပါ တွန်းလှန်ဆန့်ကျင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသားရေးလှုပ်ရှားမှုကြီး စတင်ခဲ့သည့် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်ဂုဏ်ပြုအခမ်းအနား များ ကျင်းပလာခဲ့သည်။

သို့ဖြစ်၍ ဇာတိသွေး၊ ဇာတိမာန် တက်ကြွရှင်သန်နေစေရေး မျိုးစေ့ချပေးခဲ့သည့် အမျိုးသားနေ့ကို နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသား ပြည်သူအားလုံးတို့ကထာဝစဉ်အလေးထားဂုဏ်ပြုရင်း **ဝံသာနုရက္ခိတ စိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး**ဟူသည့်(၈၈)နှစ်မြောက်အမျိုးသားနေ့ ဦးတည်ချက်များနှင့်အညီ အမျိုးသားရေး တာဝန်များကို ဦးလည် မသုန် ဆက်လက်ကြိုးပမ်း ထမ်းရွက်သွားကြရမည်ဖြစ်ပါသည်။ ။

## ဥပဒေဘွဲ့ရများ အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ (၁၉၇၅-၈၀)ခုနှစ် ဥပဒေဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက် နန်းတော်၌ ကျင်းပမည်ဖြစ်သည်။ အာစရိယပူဇော်ပွဲသို့ ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် နယ်မှတက်ရောက် သူများအတွက် တည်းခိုရေးနှင့်ကြိုပို့ရေးကိုပါ စီစဉ်ပေးမည်ဖြစ်သည်။ အလှူငွေများကို ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဆွေဆွေ ဖုန်း-၀၉၅၁၁၄၂၀၃၊ အတွင်းရေးမှူး ဦးသိန်းထွန်း ဖုန်း-၀၉၈၀၂၃၇၇၈၊ ကော်မတီဝင်များဖြစ်သော ဒေါ်စိုးမြတ်မူ ဖုန်း-၀၉၅၁၆၁၉၅၇၊ ဒေါ်အေးအေးခိုင် ဖုန်း-၀၉၅၁၈၁၀၆၅၊ ဒေါ်ယဉ်မျိုးမေ ဖုန်း-၀၉၅၁၈၁၀၆၅နှင့် ဒေါ်စန်းစန်းအေးဖုန်း-၃၈၃၉၄၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းနှင့် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတို့တွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အမှာစကား ပြောကြားပြီးတည်ဆောက်ရေး ညွှန်ကြားရေးမှူးများက ရေအားလျှပ်စစ်စီမံကိန်းများ၏လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကိုလည်းကောင်း၊လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ စက်ရုံမှူးများက ဓာတ်အား ထုတ်လုပ်မှုနှင့် စက်စွမ်းအားပြည့် ထုတ်လုပ်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ရုပ်သိမ်း

ထိုသို့ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်သာနှင့် ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက လိုအပ်ချက်များကို မှာကြားပြီး နိုဝင်ဘာ ၁၈ ရက် ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးကျော်သူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကူကျောက်ရှီး၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက် အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့သို့ အလည်အပတ်ခရီး သွားရောက်ခဲ့ပြီးနောက် ယမန်နေ့တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။**



**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ကူကျောက်ရှီးတို့ တွေ့ဆုံဆွေးနွေးကြစဉ်။** (နိုင်ငံခြားရေး)

ဒုတိယဝန်ကြီး ဦးကျော်သူသည် နိုဝင်ဘာ၁၇ရက်တွင် ယူနန်ပြည်နယ် ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ကူကျောက်ရှီးနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တို့အကြား စီးပွားရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ဖြစ်ထွန်းရန်ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီး ဦးကျော်သူသည် နိုဝင်ဘာ ၁၉ ရက်တွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒပိုင်းဆိုင်ရာညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့်ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးမှုပြုလုပ်ခဲ့သည်။ (သတင်းစဉ်)





### အမှာစကားပြောကြား

**ရေဦးမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် အသင်းနှစ်ပတ်လည် အစည်းအဝေးကို နိုဝင်ဘာ၁ရက်က ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း၌ ကျင်းပရာ သဘာပတိ အဖွင့်အမှာစကား ပြောကြားစဉ်။** (ကြေးမုံ)

## ရာပြည့်အကြိုအထိမ်းအမှတ် မဂ္ဂဇင်းစာမူများ ပေးပို့နိုင်

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန် ဆန်လှူအသင်းကြီးတည်ထောင်သည့်သက်တမ်း နှစ်(၁၀၀)ပြည့် အကြိုအထိမ်းအမှတ်အခမ်းအနားကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁ရက်(တနင်္ဂနွေနေ့) တွင် အသင်းတိုက်ကြီး၌ ကျင်းပမည်ဖြစ်ပြီး ရာပြည့်အကြိုအထိမ်းအမှတ် မဂ္ဂဇင်းတစ်စောင်ကိုလည်း အခမ်းအနားအမီထုတ်ဝေသွားမည်ဖြစ်၍ အသင်းကြီးနှင့် သက်ဆိုင်သော စာမူများကို နိုဝင်ဘာ ၃၀ရက်(တနင်္ဂနွေနေ့) နောက်ဆုံးထား၍ အသင်းတိုက်တည်ရှိရာ အမှတ်(၈၉)၊အထက်ကြည့်မြင်တိုင်လမ်း၊ကြည့်မြင်တိုင်မြို့နယ်ရှိ ရုံးအဖွဲ့မှူးထံပေးပို့နိုင်ရန် နှိုးဆော်ထားကြောင်းသိရှိရသည်။ (ကြေးမုံ)

★ **ရှေ့ဖုံးမှ**

မျက်မှောက်ကာလတွင် နိုင်ငံကြီးအချို့သည် ခေတ်သစ်ကိုလိုနီစနစ်ကို ကျင့်သုံးပြီး အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လျက် နယ်ပယ်အသီးသီးတွင် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းအားထုတ်နေကြခြင်းကို တိုင်းရင်းသားပြည်သူအပေါင်းတို့က အမျိုးသားရေးသတိဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သွားရန် လိုအပ်ပေသည်။

နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည် မြင့်မားရေးအတွက် အနှစ် ၃၀ နှစ်ရှည် စီမံကိန်းချမှတ်ပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်များကို နိုင်ငံတစ်ဝန်းလုံး နယ်စပ်ဒေသများပါ မကျန်စေဘဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံး ဆူကြုံနိမ့်မြင့် ကွာဟမှုများ နည်းပါးလာပြီး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်လျက်ရှိပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်ခုနစ်ရပ် ချမှတ်ပြီး အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ် မေလတွင် ကျင်းပသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက ထောက်ခံဆန္ဒမဲ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် ထောက်ခံအတည်ပြုပေးခဲ့ပြီး ဖြစ်ပေသည်။ ဤမူဝါဒလမ်းစဉ် ခုနစ်ရပ်ကို အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်၍ (၈၈) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များဖြစ်ကြသည့်-

(၁) ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊

(၂) အမျိုးသားပညာရည် မြင့်မားရေး၊

(၃) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

(၄) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေး

ဟူသော ဦးတည်ချက်များနှင့်အညီ အမျိုးသားရေးအားမာန် အပြည့်အဝစိုက်ထုတ်၍ ကြိုးပမ်းဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။



## ကြိုဆိုနှုတ်ဆက်

**နိုဝင်ဘာ ၂၁ ရက်က (၃၇)နှစ်မြောက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်နေ့ အထိမ်းအမှတ် ညစာ့ခံပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် လှမြင့်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brig-Gen ANM Shawkat Jamal, ndc, psc နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူးမြို့၌ ဆွေးနွေးပွဲစကားဝိုင်း ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ ဆွေးနွေးပွဲစကားဝိုင်းကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ ဉသာမြို့သစ်၊ (၇)ရပ်ကွက်ရှိ သုခမိန်ဆေးလိပ်ရုံနှင့်ငှက်ခါးဆေးလိပ်ရုံတို့၌ ကျင်းပရာ ရှေးဦးစွာ လုပ်ငန်းခွင်ရှိ အမျိုးသမီးငယ်များအား လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က ရင်းနှီးစွာ နှုတ်ခွန်းဆက်စကားပြောကြားသည်။**

ထို့နောက် လုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်း သိကောင်းစရာများ၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့ခွဲ၊ အမျိုးသမီးငယ်ရွယ်အဖွဲ့ခွဲတို့မှ အဖွဲ့ခေါင်းဆောင်များက ၎င်းတို့အဖွဲ့အသီးသီး၏ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး စကားဝိုင်းဆွေးနွေးပွဲများ ဆက်လက်ကျင်းပသည်။



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့ထံ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ အဖွဲ့ဝင်အဆိုပြုလွှာ အစောင် ၁၀၀ကို ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မော်မော်နှင့် ပဲခူးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဌ ဒေါ်အေးသိန်းတို့က ပေးအပ်ကြစဉ်။**

(အမျိုးသမီးရေးရာ)

ဆက်လက်၍ ဆွေးနွေးပွဲစကားဝိုင်းသို့ တက်ရောက်လာကြသော ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မော်မော်နှင့် ပဲခူးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဌ ဒေါ်အေးသိန်းတို့က ပဲခူးမြို့နယ်ရှိ အမျိုးသမီးရေးရာ အဖွဲ့ဝင် အဆိုပြုလွှာ အစောင် ၁၀၀ ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့ထံ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပေးအပ်သော အမျိုးသမီးရေးရာဝတ်စုံ ၁၀ စုံကို အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က သုခမိန်ဆေးလိပ်ရုံပိုင်ရှင်ထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၁၁-၂၀၀၈ (စနေနေ့)**

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ရှိတဲ့ကျေးဇူးဆပ်ကြမယ်" တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ဆေကိန္ဒ) |
| ၈း၀၀ - ၂း၀၀ | အံ့မခန်းမြန်မာ့ပန်းပုပညာလက်ရာရွှေကူတံကဲတော်ကြီး |
| ၈း၁၀ - ၂း၁၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၃၅ - ၂း၃၅ | နည်းပညာအစွမ်းဖြင့် နိုင်ငံဂုဏ်မြှင့်မည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | နိဗ္ဗာန်သို့ ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ |
| ၉း၄၅ -၃း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ - ၃း၅၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၁၀း၀၅ - ၄း၀၅ | Activities In The City (Rhythm နာရီမိတ်ဆက်ပွဲ အခမ်းအနား) |
| ၁၀း၁၅ - ၄း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၂၅ - ၄း၂၅ | ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ (ဆုပန်ထွာ၊ ပွင့်၊ ဟဲဇီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း) |
| ၁၀း၃၀ - ၄း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၅ - ၄း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ - ၄း၄၀ | MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာသဲအောင်နှင့် တွေ့ဆုံခြင်း) |
| ၁၁း၀၅ - ၅း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၀ - ၅း၂၀ | အမျိုးသားရိုးရာ တိုင်းရင်းဆေးနည်းပညာ |
| ၁၁း၃၅ - ၅း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀ - ၅း၄၀ | ကြည်နူးကုသိုလ်ပြုစေချင်သည် ရွှေမန်းတောင်၏ ဆုတောင်းပြည့်ရင်ပြင်ဆီ |
| ၁၂း၀၀ - ၆း၀၀ | တေးဂီတအစီအစဉ် |
| ၁၂း၀၅ - ၆း၀၅ | ရှေးဟောင်းအမွေ ဆည်ကန်ရေ၊ စိမ်းစိုလန်းဖြာ မြကန်သာ |
| ၁၂း၁၅ - ၆း၁၅ | ဥတိုဂေါက်ကွင်းနှင့် အပန်းဖြေစခန်း ပြန်လည်ဖွင့်လှစ်ခြင်း အကြိုမိတ်ဆက်ပွဲ |
| ၁၂း၃၀ - ၆း၃၀ | မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ |
| ၁၂း၄၅ - ၆း၄၅ | သွားမယ်စားမယ် (COM FOOD & DRINK) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | | | ပြသမည့်လိုင်း |
|---|---|---|---|---|
| ၉း၂၅ | Liverpool | - | Fulham | ESPN (Live) |
| | Chelsea | - | Newcastle | STAR SPORT (Live) |
| ၁၁း၅၅ | Aston Villa | - | Man Utd | STAR SPORT (Live) |
| | Man City | - | Arsenal | ESPN (SDD) |

### Series A ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Inter Milan -Juventus | 5-Cartoons (Live) |

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၁၁-၂၀၀၈ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၅။ တေးဂီတအစီအစဉ်
၈း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၂၀ ၇။ အမျိုးသားနေ့တေးများ
၈း၃၀ ၈။ International News
၈း၄၅ ၉။ အကပဒေသာ
၈း၅၅ ၁၀။ အဆိုပြိုင်ပွဲ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ Yan Can Cook
၁၁း၄၀ ၄။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၂း၀၀ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေမေ့မေတ္တာ ကုဋေကုဋာ" (အပိုင်း-၂၃)**
၁း၁၅ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၂း၀၀ ၈။ Breaking into a Run to Happiness
၂း၄၅ ၉။ International News
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး တေးများ
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၄း၄၀ ၅။ အမျိုးသားနေ့တေးများ
၄း၅၀ ၆။ ချစ်စရာ့အရွယ် ကစားကြမယ်
၅း၁၅ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅း၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ အလှူရှာမယ် လှုကမ္ဘာဝယ်
၆း၅၀ ၁၂။ "ပဉ္စလက်ကျောင်းတော်"
၇း၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံယောဇဉ်နှောင်ကြိုး" (အပိုင်း-၁၅)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စစ်ရှာဖွေခြင်း" (အပိုင်း-၉)**
၁၈။ အစီအစဉ်ပြီး၏။



အီရတ်နိုင်ငံ နာဂျတ်မြို့တွင် ဗုံးပေါက်ကွဲသဖြင့် ဒဏ်ရာရရှိသွားသောအရပ်သားတစ်ဦးကို အီရတ်ရဲတပ်ဖွဲ့ဝင်များက ကယ်ဆယ်နေကြစဉ်။(ဓာတ်ပုံ-အင်တာနက်)

## ဘဂ္ဂဒက်လေဆိပ်၌ အီရန်တပ်ဖွဲ့ဝင်တစ်ဦး ဖမ်းဆီးရမိ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၁**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ နိုင်ငံတကာလေဆိပ်၌ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင်တစ်ဦးကို အမေရိကန်တပ်ဖွဲ့များက ဖမ်းဆီးခဲ့ကြောင်း ဗုဒ္ဓဟူးနေ့တွင် အမေရိကန်စစ်ဘက်က ပြောကြားသည်။

စစ်ဘက်၏အဆိုအရ ၎င်းသည် အီရတ်နိုင်ငံအတွင်းသို့ အီရန်နိုင်ငံမှ လက်နက်များ တင်သွင်းရာတွင် ပါဝင်ခဲ့သည်ဟု ပြောကြားသည်။

၎င်းသည် အီရတ်နိုင်ငံ၏ ရှိုးယိုက်ဘာသာရေးနှင့် သက်ဆိုင်သောနေရာဌာနများ ပြန်လည်တည်ဆောက်ရာတွင်ပါဝင်သည့် အဖွဲ့အစည်းတစ်ခုအောက်တွင် ဝင်ရောက်လုပ်ကိုင်ပြီး လှုပ်ရှားနေကြောင်း စစ်ဘက်က ပြောကြားသည်။ ***အင်တာနက်။***



**အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသတွင် ဗုံးထိမှန်သွားသော သံချပ်ကာယာဉ်တစ်စီးကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

## ပြန်ပေးဆွဲခံရသည့် ဆော်ဒီရေနံတင်သင်္ဘော ဆိုမာလီတွင် ဆိုက်ကပ်ထား

**ဘိုဆာဆို (ဆိုမာလီ) နိုဝင်ဘာ ၂၁**

အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ ရေနံများတင်လာသည့် ကမ္ဘာ့အကြီးဆုံး ဧရာမ ဆော်ဒီရေနံတင်သင်္ဘောကို ပင်လယ်ဓားပြများက ပြန်ပေးဆွဲသွားရာ ထိုသင်္ဘောသည် နိုဝင်ဘာ ၁၈ရက်က ဆိုမာလီတွင် ရောက်ရှိနေပြီဖြစ်ပြီး နောက်ထပ်သင်္ဘောတစ်စင်းကိုလည်း ပင်လယ်ဓားပြများက ထပ်မံဖမ်းဆီးသွားကြောင်း သိရသည်။

ဆိုမာလီ ပင်လယ်ဓားပြများသည် ပြီးခဲ့သော ရက်သတ္တပတ်ကုန်က ကင်ညာကမ်းလွန် အရှေ့တောင်ဘက် ရေမိုင် ၄၅၀အကွာတွင် အဆိုပါ ဆီးရီးရပ်စ်စတား ရေနံတင် သင်္ဘောကို အတင့်ရဲစွာတိုက်ခိုက်ပြီး ဖမ်းဆီးသွားခဲ့သည်ဟု ဓားပြများက သတင်းပေးပို့ခဲ့ကြောင်း အမေရိကန် ရေတပ်က ပြောကြားသည်။ ထိုသင်္ဘောသည် အာဖရိကဦးချိုဒေသ ဟာရတ်ဟီရီ ဆိပ်ကမ်းတွင် ရောက်ရှိနေပြီဖြစ်ကြောင်း သတင်း၌ ဖော်ပြထားသည်။

တစ်ချိန်တည်း၌ပင် ဗီလာကုမ္ပဏီကလည်း ပင်လယ်ဓားပြများ ပြန်ပေးဆွဲထားသည့် သင်္ဘောနှင့်ပတ်သက်ပြီး နောက်ထပ်ဆက်သွယ်လာမည့်သတင်းကို စောင့်ဆိုင်းနေကြောင်း ဒူဘိုင်း၌ အခြေစိုက်သော ဗီလာအပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာရေးကုမ္ပဏီက ပြောကြားသည်။ ၎င်းကုမ္ပဏီသည် ဆော်ဒီရေနံကုမ္ပဏီ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်ကြောင်း သိရသည်။အဆိုပါ သင်္ဘောတွင် ဗြိတိန်နိုင်ငံသား နှစ်ဦး၊ ပိုလန်နိုင်ငံသား နှစ်ဦး၊ ခရိုအေးရှားနိုင်ငံသား တစ်ဦး၊ ဆော်ဒီနိုင်ငံသား တစ်ဦးနှင့် ဖိလစ်ပိုင် နိုင်ငံသား ၁၉ ဦးတို့ လိုက်ပါသွားပြီး ၎င်းတို့မှာ လုံခြုံစိတ်ချစွာရှိသည်ဟု ယုံကြည်ရပြီး ၎င်းတို့၏ လုံခြုံမှုရှိစေရေးအတွက် ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် အလေးပေးကာ ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

ထိုဆော်ဒီသင်္ဘောသည် မူဒက်အလယ်ပိုင်းဒေသရှိ ဟာရက်ဒီဟီရီ ဆိပ်ကမ်းအနီး၌ ကျောက်ချထားကြောင်းပန့်လန်းဒေသမှ ငါးလုပ်ငန်းဒုတိယဝန်ကြီး အဒူလ်ကွာဒီမူဆီယုစွမ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ အေဒင်ပင်လယ်ကွေ့နှင့် အိန္ဒိယသမုဒ္ဒရာရေပြင် ဆိုမာလီကမ်းလွန်တွင် ပင်လယ်ဓားပြတိုက်မှုများမှာ မြင့်မားလာပြီး သင်္ဘောများ၏ အာမခံကြေးလည်း ကြီးမြင့်လာသည်။

ထို့ကြောင့် အချို့သင်္ဘောများသည် စူးအက်တူးမြောင်းကို ဖြတ်သည့် ရေလမ်းကြောင်းအစား တောင်အာဖရိကကိုပတ်၍ သွားရသည့် ရေလမ်းကြောင်းကို ရွေးချယ်၍ အသုံးပြုသွားလာကြသည်။ ထိုဧရာမရေနံတင်သင်္ဘောကို ဖမ်းဆီးခြင်းသည် ရေကြောင်းသွားလာမှုသမိုင်းတွင် ထူးခြားသည့်ဖြစ်ရပ်တစ်ခုဖြစ်သည်ဟု သတင်းကဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

## အာဖဂန်နစ္စတန်၌ စစ်ဆင်ရေးပြုလုပ်မှုကြောင့် စစ်သွေးကြွငါးဦးသေ၊ ၁၄ ဦး ဖမ်းဆီးရမိ

**ကဘူး နိုဝင်ဘာ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များ နေရာအနှံ့ စစ်ဆင်ရေးများ ပြုလုပ်စဉ်အတွင်း စစ်သွေးကြွငါးဦး သေဆုံးပြီး ၁၄ ဦး ဖမ်းဆီးရမိကြောင်း မဟာမိတ်တပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဖာရတ်မြို့ အနောက်မြောက်ဘက် ၇၅ ကီလိုမီတာခန့်အကွာ ဒေသ၌ ဝှက်ထားသော လက်နက်များကို ယာဉ်တစ်စီးအပေါ်တင်နေစဉ် မဟာမိတ်တပ်ဖွဲ့များက နိုဝင်ဘာ ၁၈ ရက်တွင် ခြေရာခံခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။ မဟာမိတ်တပ်ဖွဲ့က တိုက်ခိုက်မှုကြောင့် စစ်သွေးကြွငါးဦး သေဆုံးခဲ့သည်။

နိုဝင်ဘာ ၁၇ ရက်က အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ မဟာမိတ်တပ်ဖွဲ့က အခြားစစ်ဆင်ရေးပြုလုပ်စဉ်အတွင်း စစ်သွေးကြွ ၁၄ ဦးကို ဖမ်းဆီးရမိသည်။ ***အင်တာနက်။***

**အီရတ်နိုင်ငံ မြောက်ပိုင်း တီကရစ်မြို့တွင် ကားဗုံးပေါက်ကွဲသွားသည့် နေရာကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



## အီရတ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ ၁၅ ဦး သေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၁**

အီရတ်နိုင်ငံတွင် တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိရေးနှင့် ပတ်သက်သည့် ကုလသမဂ္ဂ၏ အခွင့်အာဏာသည် ယခုနှစ်ကုန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်တွင် သုံးနှစ်တာ ဆက်လက်နေထိုင်ခွင့်ပြုမည့် အမေရိကန်နှင့် သဘောတူညီထားသည့်စာချုပ်ကို အီရတ်ဝန်ကြီးအဖွဲ့က ယမန်နေ့က သဘောတူလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

**- စောင့်ဆိုင်းခဲ့ -**

ယင်းသဘောတူညီချက် ရရှိရန် လပေါင်းများစွာညှိနှိုင်းခဲ့ရပြီး ပါလီမန်က သဘောတူညီရန် စောင့်ဆိုင်းခဲ့ရသည်။ ယင်းသဘောတူညီချက်သည် အမေရိကန်နှင့် အီရတ်နှစ်နိုင်ငံအကြား အငြင်းပွားဖွယ်ရာ အရင်းခံအကြောင်းတရား ဖြစ်နေရာမှ ယခုအခါ ပြေလည်သွားပြီဖြစ်သည်။

အီရတ်ဝန်ကြီးအဖွဲ့က အထက်ပါ လုံခြုံရေး သဘောတူညီချက်ကို သဘောတူထောက်ခံခဲ့ပြီးနောက် နာရီများစွာအကြာတွင် ဘဂ္ဂဒက် အရှေ့မြောက်ပိုင်းရှိ ဒိုင်ယာလာပြည်နယ်မှ ရဲစစ်ဆေးရေးဂိတ်တွင် အသေခံကားဗုံးဖောက်ခွဲခဲ့ရာ ၁၅ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ရဲမှူးကြီး ခါလီဖာက ပြောကြားသည်။ သေဆုံးသူများတွင် ရဲအရာရှိတစ်ဦး ပါဝင်သည်။ ***အင်တာနက်။***

## ပင်လယ်ကွေ့ဆိပ်ကမ်းကို ရေတပ်အခြေစိုက်စခန်းအဖြစ် အီရန် အဆင့်မြှင့်တင်

**တီဟီရန် နိုဝင်ဘာ ၂၁**

အီရန်နိုင်ငံတောင်ပိုင်း ဘတ်စ်ရှိုးရားပြည်နယ်ရှိ ပင်လယ်ကွေ့ဆိပ်ကမ်း အဆာလိုရီကို ရေတပ်အခြေစိုက်စခန်းအဖြစ် အဆင့်မြှင့်တင်လိုက်သည်ဟု အီရန် ရေတပ်ဦးစီးချုပ် မော့တီဇာဆာဖာရီက နိုင်ငံပိုင် ရုပ်မြင်သံကြား အိုင်အာရ်အင်န်အေမှတစ်ဆင့် နိုဝင်ဘာ ၁၇ရက်တွင် ကြေညာသည်။

ယင်းအဆာလိုရီကို ရေတပ်အခြေစိုက်စခန်းအဖြစ် အဆင့်မြှင့်လိုက်ခြင်းအားဖြင့် နယ်ပယ်ဒေသတစ်လျှောက်နှင့် ပါရှန်ပင်လယ်ကွေ့ဒေသအတွင်းတွင် လတ်တလောကျရောက်နေသည့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ဖြစ်သည်ဆိုသည့် ဆာဖာရီ၏ ပြောကြားချက်ကို ကိုးကား၍ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည်။ ပါရှန်ပင်လယ်ကွေ့ဒေသအတွင်း တွေ့ကြုံလာမည့် မည်သည့်ခြိမ်းခြောက်မှုမျိုးကိုမဆို အဆိုပါ ရေတပ် အခြေစိုက်စခန်းမှ ရင်ဆိုင်တွန်းလှန်တိုက်ခိုက်ရန် အသင့်ရှိနေကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အိုမန် ပင်လယ်ကွေ့တစ်လျှောက်ရှိ ဆိပ်ကမ်းများတွင် ယင်းအစီအစဉ်အတိုင်း စတင်၍လုပ်ဆောင်နေကြောင်း၊ ကာကွယ်ရေးအစီအစဉ်လည်း ဖြစ်ကြောင်း အီရန်နိုင်ငံ နေ့စဉ်ထုတ် တီဟီရန်တိုင်းမ်စ်က ပြီးခဲ့သော အောက်တိုဘာလ၌ ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ရောမရေနံတင်သင်္ဘောကြီး

**ပြန်ပေးဆွဲခံရသော ဆော်ဒီအာရေဗျမှ ဧရာမ ရေနံတင်သင်္ဘောကြီး ဆိုမာလီရေပြင်တွင် ကျောက်ချရပ်နားထားသည်ကို နိုဝင်ဘာ ၁၉ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*



## ပါကစ္စတန်တွင် စစ်သွေးကြွ ၁၆ ဦး သေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၁**

ပါကစ္စတန်နိုင်ငံ ဘာဂျူဝါလူမျိုးစုဒေသတွင် စစ်သွေးကြွများနှင့် လူမျိုးစုများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အပြင်းအထန် တိုက်ခိုက်ကြရာ စစ်သွေးကြွ ၁၆ ဦးထက်မနည်း သေဆုံးသည်။

ဘာဂျူဝါဒေသတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများ ယမန်နေ့က သေနတ်ဖြင့် ပစ်ခတ်မှုများဖြစ်ပွားရာ လက်ရှိကာ သို့တည်းမဟုတ် အိုရီယာဇေလူမျိုးစုက စစ်သွေးကြွ ၁၀ ဦးအား သတ်ဖြတ်ခဲ့ပြီး ခေါင်းဆောင် မာလစ်ဖေဆယ်မာဘတ်နှင့် အရေးပါသည့် လူမျိုးစုခေါင်းဆောင် မာလစ်ဂျမ်ဒါခန်းတို့ သေဆုံးခဲ့သည်ဟု ဒေသခံများက ပြောကြားသည်။

**စစ်ရေးအရလှုပ်ရှားမှု**

အဆိုပါဒေသတွင် ပုန်းအောင်းနေသည့် စစ်သွေးကြွများအား ရှင်းလင်းသုတ်သင်ရန်အတွက် ပါကစ္စတန်တပ်ဖွဲ့က ဩဂုတ်လအတွင်း စစ်ရေးအရလှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။

**တိုက်ခိုက်**

စစ်သွေးကြွများနှင့် တပ်ဖွဲ့ဝင်နှစ်ဖက်စလုံးက တောင်ကုန်းပေါ်တွင် စခန်းချနေရာယူထားပြီး လက်နက်ကြီးများကိုအသုံးပြုကာ တိုက်ခိုက်ကြသည်။ ***အင်တာနက်။***



ဂျာမနီနိုင်ငံ ဘာလင်မြို့ တီဂဲလ်လေဆိပ်တွင် မီးလောင်မှုဖြစ်ပွားရာ ငြိမ်းသတ်နေသော မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးအား နိုဝင်ဘာ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ပါကစ္စတန်နိုင်ငံအတွင်း အမေရိကန်လေကြောင်းမှတိုက်ခိုက်ခြင်းကို ပြင်းထန်စွာကန့်ကွက်

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၁**

ပါကစ္စတန်နိုင်ငံပိုင် နယ်မြေအတွင်းတွင် အမေရိကန်ပြည်ထောင်စုက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကိုပါကစ္စတန်အစိုးရက ကြာသပတေးနေ့တွင် ရှုတ်ချလိုက်သည်။

တာလီဘန် စစ်သွေးကြွအုပ်စုကလည်း နောက်ထပ်မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်လျှင် ပါကစ္စတန်နိုင်ငံအတွင်း၌ လက်စားချေမည်ဟု ပြောဆိုလိုက်သည်။

ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီက အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်ဖြင့် ပါကစ္စတန်အနောက်မြောက်ပိုင်း ဘန်နူးခရိုင်တွင် ဗုဒ္ဓဟူးနေ့က တိုက်ခိုက်ခြင်းကို ပါလီမန်တွင် မိန့်ခွန်းပြောကြားရာ၌ လူသိရှင်ကြား ရှုတ်ချလိုက်သည်။ ယင်းတိုက်ခိုက်မှုတွင် အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦး အပါအဝင်ခြောက်ဦး သေဆုံးခဲ့သည်။

ထိုတိုက်ခိုက်မှုကြောင့် ပါကစ္စတန်အစိုးရအား ပြဿနာများ ပိုမိုများစေကြောင်း၊ အမေရိကန်တို့အား သည်းမခံနိုင်တော့ကြောင်း၊ အမေရိကန်တို့၏လုပ်ရပ်ကို မထောက်ခံကြောင်း ပါလီမန်တွင် ဂီလာနီက ပြောကြားသည်။ ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်သံအမတ်အန်းပတ်တာဆန်အား ဆင့်ခေါ်၍ လေကြောင်းမှ ကျူးကျော်တိုက်ခိုက်မှုကို ပြင်းထန်စွာ ကန့်ကွက်လိုက်သည်။ ယင်းကျူးကျော်မှုသည်ပြည်သူလူထု၏ ဒေါသဖြစ်နေမှုကို ပေါက်ကွဲအောင် ဆွပေးသကဲ့သို့ ဖြစ်သည်ဟု ဆိုသည်။ **အင်တာနက်။**

# ချမ်းသာသောနိုင်ငံများက ကုန်သွယ်ရေးအတားအဆီးများ ချမှတ်နေဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ပြောကြား

**ဖနွမ်းပင် နိုဝင်ဘာ ၂၁**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ချမ်းသာသော နိုင်ငံများသည် ဆင်းရဲသောနိုင်ငံများအတွက် ကုန်သွယ်ရေးအတားအဆီးများ ပြုလုပ်နေသည်ဟု နှစ်ရက်ကြာကျင်းပသော အယ်လ်ဒီစီညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။ အဆင်းရဲဆုံးနိုင်ငံများ(အယ်လ်ဒီစီ) ဝန်ကြီးအဆင့် ညီလာခံကို စီယင်ရီပြည်နယ်၌ ကျင်းပခဲ့သည်။

ဆင်းရဲသောနိုင်ငံများသည် ချမ်းသာသောနိုင်ငံများ၏ ကုန်ပစ္စည်းများကို အမြဲတမ်းဖွင့်ပေးထားသော်လည်း ချမ်းသာသော နိုင်ငံများကမူ ဆင်းရဲသောနိုင်ငံများ၏ ကုန်ပစ္စည်းများကို မကြာခဏ ကြီးမားသောအတားအဆီးများဖြင့် ကန့်သတ်ထားကြသည်ဟု ပြောကြားသော ဟွန်ဆန်၏မိန့်ခွန်းကို တီဗွီကေရုပ်သံလိုင်းက ထုတ်လွှင့်သွားသည်။ ဟွန်ဆန်က နိုင်ငံတကာ ကုန်သွယ်ရေးပြဿနာများကိုဆွေးနွေးရန် ရောက်ရှိနေသော ၄၉ နိုင်ငံမှ ကိုယ်စားလှယ်များအား မိန့်ခွန်းပြောကြားခဲ့သည်။

ဒိုဟာစားပွဲဝိုင်း ကုန်သွယ်ရေးဆွေးနွေးပွဲတွင် ချမ်းသာသောနိုင်ငံများနှင့် ယှဉ်ရာ၌ ကမ္ဘောဒီးယားကဲ့သို့သော ဆင်းရဲသောနိုင်ငံများသည် ရပ်တည်ချက်တစ်သဘောတည်းရှိနေစေရန် ထပ်လောင်းပြောကြားသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)၏ ဒိုဟာစားပွဲဝိုင်း ဆွေးနွေးပွဲကို ၂၀၀၁ ခုနှစ်က စတင်ခဲ့ရာ ၂၀၀၈ ခုနှစ် ဇူလိုင်လတွင် ရပ်ဆိုင်းသွားခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# ရှန်ဟိုင်းလေကြောင်းလိုင်းမှ ဘိုးရင်း-၇၃၇ လေယာဉ် ဟိုင်နန်လေယာဉ်ကွင်း၌ အရေးပေါ်ဆင်းသက်ရ

**ရှန်ဟိုင်း နိုဝင်ဘာ ၂၁**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မှ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ပျံသန်းနေသော ခရီးသည် ၁၄၉ဦး လိုက်ပါလာသည့် ရှန်ဟိုင်းလေကြောင်းလိုင်းမှ ဘိုးရင်း-၇၃၇ လေယာဉ်သည် နိုဝင်ဘာ ၁၉ ရက်က တရုတ်နိုင်ငံ ဟိုင်နန်ကျွန်း၌ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

လေယာဉ်ခရီးစဉ်အမှတ် အက်ဖ်အမ်-၈၃၃ သည် ပျံသန်းနေစဉ်အတွင်း နံနက်၁၁နာရီ၂၂မိနစ်အချိန်ခန့်တွင် စက်ချွတ်ယွင်းမှု ဖြစ်ပေါ်လာသောကြောင့် ဟိုင်ကူမြို့ရှိ မီလန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အရေးပေါ် ဆင်းသက်ခဲ့ရသည်။

လေယာဉ်အတွက် ဆီပို့လွှတ်ပေးသော ပန့်အပိုင်းတွင် ချွတ်ယွင်းနေကြောင်း၊ လေယာဉ်မောင်းခန်းတွင် အချက်ပြမီးလင်းလာသဖြင့် လေယာဉ်အဖွဲ့သားများ နိုးနိုးကြားကြား ဖြစ်ခဲ့ရသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ယခုအရေးပေါ်ဆင်းသက်ရသည့်ကိစ္စတွင် ခရီးသည်တစ်စုံတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်း မရှိပေ။ ထိုလေယာဉ်သည် ည ၇ နာရီ မိနစ် ၄၀ အချိန်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ဆက်လက်ပျံသန်းသွားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

ကြေးမုံ The Mirror

## နိုင်ငံတကာ သတင်းများ



အိုင်ယာလန်နိုင်ငံ ရီကျာဗစ်မြို့တော်၏ မြောက်ပိုင်းရှိ ဘီဇာခေါ် သဘာဝရေပူရေပန်းကြီးများမှာ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နေသည့် သဘာဝအလှအပ တစ်ခုဖြစ်သည်။ (ဓာတ်ပုံ-အင်တာနက်)

# သားပိုက်ကောင်များသည် လူများနှင့် မျိုးရိုးဗီဇချင်းနီးစပ်သည်ကို တွေ့ရှိရဟုဆို

**ကင်ဘာရာ နိုဝင်ဘာ ၂၁**

ဩစတြေးလျရှိ သားပိုက်ကောင်များသည် လူတို့နှင့် မျိုးရိုးဗီဇချင်း များစွာတူညီသည်ကို တွေ့ရှိရကြောင်းနှင့် ၎င်းသတ္တဝါများကို တရုတ်နိုင်ငံတွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဩစတြေးလျ သုတေသနအဖွဲ့က နိုဝင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

သိပ္ပံပညာရှင်များအနေဖြင့် ဩစတြေးလျရှိ သားပိုက်ကောင်များအား မျိုးရိုးဗီဇနှင့်သက်ဆိုင်သော သင်္ကေတများကို တေးမှတ်ကာ ပထမဆုံးအကြိမ်အဖြစ် သုတေသနပြုလုပ်ခဲ့ရာမှ ၎င်းတို့၏ သက်ရှိတို့နှင့် သက်ဆိုင်သော မျိုးရိုးဗီဇများသည် လူတို့နှင့် များစွာ တူညီနေသည်ကို တွေ့ရှိခဲ့သည်ဟု သားပိုက်ကောင်နှင့်သက်ဆိုင်သော မျိုးရိုးဗီဇဆိုင်ရာ သုတေသနအဖွဲ့မှ ညွှန်ကြားရေးမှူး ဂျယ်နီဂရေ့ဗ်က ပြောကြားသည်။

လူများနှင့် သားပိုက်ကောင်တို့၏ မျိုးရိုးဗီဇများသည် အနည်းငယ်သာကွဲပြားပြီး အများစုမှာ တူညီသည်ဟု ဆိုသည်။

သားပိုက်ကောင်များသည် လူများကဲ့သို့ပင်မတ်တပ်ရပ်၍လမ်းလျှောက်သည်ကို တွေ့ရှိရကြောင်းနှင့် လွန်ခဲ့သော နှစ်သန်းပေါင်း ၁၅၀ ခန့်ကပင် လူတို့နှင့် သားပိုက်ကောင်တို့၏ မျိုးရိုးဗီဇ အဆင့်ဆင့်ပြောင်းလဲပုံမှာ တူညီခဲ့ဟန်တူသည့်အပြင် ကြွက်နှင့် လူတို့အကြားရှိ မျိုးဗီဇကွဲပြားခြားနားမှုမှာ လွန်ခဲ့သော နှစ်သန်းပေါင်း ၇၀ခန့်က စတင်၍ ခြားနားသွားသည်ဟု ယူဆရကြောင်း ၎င်းတို့က ပြောကြားသည်။

သားပိုက်ကောင်များသည် တရုတ်နိုင်ငံ၌ စတင်ဖြစ်တည်ခဲ့သော်လည်း ၎င်းတို့သည် အမေရိကကို ဖြတ်ကာ ဩစတြေးလျနှင့် အန္တာတိကဒေသများသို့ ပြောင်းရွှေ့ကျက်စားခဲ့ကြသည်ဟုဆိုသည်။ **အင်တာနက်။**

**လူတို့နှင့် မျိုးရိုးဗီဇချင်း နီးစပ်ကြောင်း ရှာဖွေတွေ့ရှိရသည့် သားပိုက်ကောင် မျိုးနွယ်တစ်စုအား သဘာဝအတိုင်း တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# အမေရိကန် မူးယစ်နှိမ်နင်းရေးအဖွဲ့ ဘိုလီးဗီးယားသမ္မတ၏တယ်လီဖုန်း ခိုးယူနားထောင်ရန် ကြိုးစားဟုဆို

**ဝါရှင်တန် နိုဝင်ဘာ ၂၁**

ဘိုလီးဗီးယားသမ္မတ မိုရေးလ်စ်က အမေရိကန် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့ ဒီအီးအေသည် ကိုကင်းရောင်းဝယ်သူများနောက်သို့ဖမ်းဆီးရန်လိုက်ရမည့်အစား ၎င်း၏တယ်လီဖုန်းပြောခြင်းကို လျှို့ဝှက်ခိုးယူနားထောင်နိုင်ရန် ကြိုးစားနေကြောင်း ဗုဒ္ဓဟူးနေ့က စွပ်စွဲပြောကြားလိုက်သည်။

စက်တင်ဘာလအတွင်းက အမေရိကန်သံအမတ်အား မိုရေးလ်စ်က နှင်ထုတ်လိုက်ပြီးနောက် ဘိုလီးဗီးယား-အမေရိကန်ဆက်ဆံရေးသည် ဆိုးရွားလာလျက်ရှိသည်။ ၎င်းသံအမတ်သည် အစိုးရအား ကန့်ကွက်ဆန္ဒပြပွဲများ ပေါ်ပေါက်ရန် လှုံ့ဆော်လျက်ရှိသည်ဟုဆိုသည်။ ဘိုလီးဗီးယားနိုင်ငံအား အမေရိကန်ပြည်ထောင်စုက မူးယစ်ဆေးဝါး နှိမ်နင်းရေးတွင် ပူးပေါင်းဆောင်ရွက်မှုမရှိသဖြင့် နာမည်ပျက်စာရင်းသို့ ထည့်သွင်းထားသည်။

ကမ္ဘာ့ကိုကင်းအထွက်တွင် တတိယလိုက်သော ဘိုလီးဗီးယားနိုင်ငံတွင် ဒီအီးအေကိုယ်စားလှယ်များ လှုပ်ရှားခြင်းကို မိုရေးလ်စ်က ငြင်းဆိုခဲ့သည်။ ထိုကိုယ်စားလှယ်များသည် သူလျှိုလုပ်သည့်အပြင် အစိုးရအား ဆန့်ကျင်သော အုပ်စုများနှင့် ဆက်ဆံရေးခိုင်မြဲလျက်ရှိကြောင်း မိုရေးလ်စ်က ပြောကြားသည်။ ဒီအီးအေသည် ၎င်းနှင့် ဒုတိယသမ္မတတို့၏ ဖုန်းလိုင်းများတွင် အသံဖမ်းကိရိယာများ တပ်ဆင်ရန် ကြိုးစားခဲ့သည်ဟု မိုရေးလ်စ်က ပြောကြားလိုက်သည်။ အသေးစိတ်ကိုမူ ပြောကြားခြင်းမပြုပေ။

**အမ်အင်အေ၊ရိုက်တာ။**

# အစ္စရေးက ဂါဇာကမ်းမြောင်ဒေသကို နောက်တစ်ကြိမ်ထပ်မံပိတ်ဆို့

**ဂါဇာ နိုဝင်ဘာ ၂၁**

ကျဉ်းမြောင်းသော ဂါဇာကမ်းမြောင်ဒေသတွင် အစားအစာနှင့် လောင်စာများ ပြတ်လပ်မည့်ပြဿနာရှိနေကြောင်း အကူအညီပေးရေးအဖွဲ့များက သတိပေးနေသည့်ကြားမှာပင် အစ္စရေးတို့သည် ဂါဇာနယ်စပ်ဂိတ်များကို ပိတ်ထားလိုက်သည်။

အစ္စရေးနယ်မြေအတွင်း ဒုံးကျည်များဖြင့်ပစ်ခတ်ခံရသည့် အခြေအနေကြောင့် ယခုကဲ့သို့ နယ်စပ်ကိုပိတ်ထားခြင်းဖြစ်သည်ဟုဆိုသည်။ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်ထားသည့် ကုန်တင်ကား ၃၃ စီးကို သီတင်းနှစ်ပတ်ကြာ ပိတ်ထားသောနယ်စပ်ဂိတ်မှ အစ္စရေးတို့က တနင်္လာနေ့တွင် ဖြတ်သန်းခွင့်ပြုခဲ့သည်။

လူသားချင်းစာနာမှု ကင်းမဲ့လောက်အောင် ဆိုးရွားသည့်ပြဿနာတစ်ရပ်ဖြစ်ပေါ်လာမည်ကို မိမိမလိုလားကြောင်း အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်မတ်က ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ကို မကြာသေးမီက ပြောကြားခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ။**

(၈၈)နှစ်မြောက် အမျိုးသားနေ့ ဂုဏ်ပြုဆောင်းပါး

# ထာဝစဉ်မော်ကွန်းတင်ထားရမည့် အမျိုးသားနေ့

## ကြည်ဝင်းညွန့်

၁၃၇၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်)နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၈၈)နှစ်မြောက် အမျိုးသားနေ့ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ဇာတိသွေး၊ ဇာတိမာန် တက်ကြွရှင်သန်နိုးကြားစွာနယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများ ဖြစ်ပေါ်လာစေရန် နိဒါန်းပျိုးခဲ့သည့် အမျိုးသားနေ့ ပေါ်ပေါက်လာခဲ့သည်မှာ (၈၈) နှစ်တာမျှ ရှိပြီဖြစ်သည်။

ယင်းသို့ အမျိုးသားနေ့ ပေါ်ပေါက်လာချိန်သည် နယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်ပြု၍ တစ်နိုင်ငံလုံး နယ်ချဲ့တို့၏ စိုးမိုးမှုအောက်သို့ ရောက်ရှိနေချိန်ဖြစ်သည်။ မြန်မာတိုင်းရင်းသား အားလုံးတို့မှာ နိုင်ငံရေးအရ ဖိနှိပ်အုပ်ချုပ်မှု၊ စီးပွားရေးအရ လက်ဝါးကြီး အုပ်မှု၊ လူမှုရေးအရ ချုပ်ချယ်ကန့်သတ်မှု အမျိုးမျိုးကို ကြုံတွေ့ခံစားနေခဲ့ကြရသည်။ သို့သော် မြန်မာတိုင်းရင်းသားအပေါင်းတို့၏ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်သည် ရှင်သန်တက်ကြွ နိုးကြားနေဆဲပင်ဖြစ်သည်။

ထိုစဉ်က မြန်မာနိုင်ငံကို အုပ်စိုးသူတို့က ပညာရေးနယ်ပယ်တွင် ရန်ကုန်တက္ကသိုလ် ထူထောင်မှုသည် မြန်မာတို့၏ အမျိုးသားရေး စိတ်ဓာတ်ကို ချိုးနှိမ်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် ရည်ရွယ်ခဲ့သည်။ တစ်နည်းအားဖြင့် နယ်ချဲ့တို့ တည်ထောင်ခဲ့သော ပညာရေးစနစ်သည် ကိုလိုနီအုပ်ချုပ်ရေးယန္တရား လည်ပတ်နိုင်ရေး အတွက် လိုအပ်သော စာရေး၊ စာချီ၊ မြို့အုပ်ဝန်ထောက်များ ရရှိစေရန် ပုံသွင်း၍ မွေးထုတ်ပေးရန်သာဖြစ်သည်။

နယ်ချဲ့အုပ်စိုးသူတို့က ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အကူ ဖြစ်စေမည့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် အတည်ပြုခဲ့သည်။ အဆိုပါဥပဒေသည် တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာသင်ယူခွင့်ကို ချုပ်ချယ်ကန့်သတ်ထားသည့်အပြင် တစ်မျိုးသားလုံးအား နှောင်ကြိုးဖြင့် အစဉ်ချုပ်နှောင်ထားရန် ဖန်တီးထားချက်သာဖြစ်သည်။ ထို့ကြောင့် ကျွန်သက်ရှည်စေမည့် ကိုလိုနီပညာရေးဥပဒေကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ တိုးတက်ကောင်းမွန်သော တက္ကသိုလ်ပညာရေးစနစ်ကို တောင်းဆိုသည့် အမျိုးသားရေးလှုပ်ရှားမှုကြီး ပေါ်ပေါက်လာခဲ့သည်။ ထိုနေ့သည် သက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ဖြစ်သည်။

ကိုလိုနီနယ်ချဲ့တို့၏ စိုးမိုးအုပ်ချုပ်မှုအောက်တွင် ပထမဆုံး ပေါ်ပေါက်ခဲ့သော နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုကြီးဖြစ်ရာ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန်များ နိုးကြားရှင်သန်လာစေရန် အမျိုးသားရေး လှုပ်ရှားမှုကြီး စတင်ခဲ့သည့် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို **"အမျိုးသားနေ့"** ဟူ၍ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထိုကာလများက အမျိုးသားရေးလှုပ်ရှားမှုများနှင့်အတူ **"ကျွန်ပညာ အလိုမရှိ"** ဟူသော ကြွေးကြော်သံသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့သည်။ **"အမျိုးကိုချစ်ခင်ကြပါ၊ နိုးကြားကြပါ"** ဟူသော လှုံ့ဆော်သံများသည် မျိုးချစ်စိတ်ဓာတ်ကို ပိုမိုနိုးကြားတက်ကြွစေခဲ့သည်။ နိုင်ငံအနှံ့ အမျိုးသားကျောင်းများကို တည်ထောင်ကာ အမျိုးသား ကျောင်းဆရာများက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် အခြေခံသဘောတရားများကို သင်ကြားပို့ချပေးသည့်အတွက် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသော လူငယ်လူရွယ်များစွာကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့သည်။

ထို့ကြောင့်ပင် **အမျိုးသားနေ့ အတိတ်သမိုင်းကြောင်းကို လေ့လာကြည့်လျှင် အမျိုးသားနေ့ လှုပ်ရှားမှုသည် မူလက လူငယ်တို့၏ လှုပ်ရှားမှုဖြင့် စတင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ သို့ရာတွင် မျိုးရိုးဇာတိမာန် ရှင်သန်ထွန်းကား ပျံ့ပွားလာသောအခါ လူငယ်လှုပ်ရှားမှုသည် လူကြီးများနှင့်ပါစပ်ဆိုင်သော လှုပ်ရှားမှုကြီးတစ်ရပ် ဖြစ်လာသည်။ ဤတွင် လူကြီးလူငယ် အတူလက်တွဲ၍ သူ့ကျွန်ဘဝမှ တစ်မျိုးသားလုံး လွတ်မြောက်နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းလာခဲ့ကြရာ မြန်မာ့လွတ်လပ်ရေးအောင်ပန်းကို တက်လှမ်းရယူနိုင်ခဲ့သည်။ ဤဖြစ်စဉ်ဖြစ်ရပ်၏ အကျိုးရလဒ်သည် မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်အရင်းခံ အကြောင်းတရားကြောင့်ပင် ဖြစ်ပေသည်။**

မြန်မာတိုင်းရင်းသားတို့၏ ပင်ကိုစိတ်ထားတွင် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၏ ခိုင်ကျည်မှုကို တွေ့နိုင်သည်။ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကာ ပေါက်ဖွားကြီးပြင်းခဲ့ကြသူများဖြစ်၍ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်မှု ခိုင်မြဲကြသည်။ အရေးကြုံလျှင် သွေးနီးခဲ့ကြသည်။ မြန်မာတို့သည် အမျိုးကိုစောင့်ရှောက်သူများဖြစ်ကြပြီး ခေတ်သမိုင်းအဆက်ဆက်တွင် ဝံသာနုရက္ခိတတရားကို လက်ကိုင်ထားကာ ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့ကြသူများဖြစ်သည်။

မြန်မာတို့သည် သမိုင်းကြောင်းတစ်လျှောက်တွင် တိုင်းတစ်ပါးက ထိပါးကျူးကျော်လာမှုမှန်သမျှကို ခေါင်းငုံ့မခံဘဲ ရွပ်ရွပ်ချွံချွံ တွန်းလှန်ခဲ့ကြသည်သာချည်းဖြစ်သည်။ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ် အမျိုးသားရေး စွမ်းရည် ထက်မြက်မြင့်မားမှုများကြောင့်ပင် မြန်မာ့အချုပ်အခြာအာဏာ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသား ဝံသာနုရက္ခိတစိတ်ဓာတ် အရင်းခံဖြင့် မြန်မာတို့၏ လူမှုစီးပွားရေးဘဝနှင့် လိုက်လျောညီထွေသည့် ပညာရေးစနစ် ပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှ မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိခဲ့သည့် ကြိုးပမ်းမှုဖြစ်စဉ်သည် မြန်မာ့သမိုင်းတွင် ကမ္ပည်းတင်နေဆဲဖြစ်သည်။ လူတစ်စုအတွက်သာ ဦးတည်သည့် ကိုလိုနီနယ်ချဲ့တို့၏ ကျွန်ပညာရေးစနစ်ကို အမျိုးဘာသာ၊ သာသနာ၊ ပညာဟူသော နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံ၍ ဆန့်ကျင်စိန်ခေါ်ခဲ့သည့် အမျိုးသားနေ့ အမျိုးသားရေးလှုပ်ရှားမှုကြီးကို ထာဝစဉ် မော်ကွန်းတင်ထားရမည် ဖြစ်ပေသည်။

ယင်းသို့ ဇာတိသွေး ဇာတိမာန် တက်ကြွရှင်သန် နိုးကြားစေခဲ့သော အမျိုးသားနေ့၏ အနှစ်သာရများကို နိုင်ငံသားတိုင်းက ထာဝရလေးစားဂုဏ်ယူ တန်ဖိုးထားသတိရ နေကြမည်ဖြစ်သည်။

(၈၈)နှစ်မြောက် အမျိုးသားနေ့တွင် အမျိုးသားရေး ဦးတည်ချက်များအဖြစ်-

- **ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး၊**
- **အမျိုးသားပညာရည် မြင့်မားရေး၊**
- **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး** တို့ကို ချမှတ်ထားသည်။

လူမျိုးတစ်မျိုး၌ မျိုးချစ်စိတ်ဓာတ်ချို့တဲ့နေလျှင် နိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိမည် မဟုတ်ပေ။ ထို့ကြောင့် နိုင်ငံသားတိုင်းက ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးကို ရှေးရှုဆောင်ရွက်ရေးသည် မွေးရာပါ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ကို အစဉ်နှလုံးသွင်းနေ ကြရမည်ဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိရာ အမျိုးသားပညာရည် မြင့်မားမှုစွမ်းအား၊ သိပ္ပံနှင့်နည်းပညာရပ်များ၏ စွမ်းအား၊ အမျိုးသားခွန်အင်အားတောင့်တင်းမှု စွမ်းအားတို့ဖြင့် ပြည့်ဝခိုင်မာမှုရှိရမည် ဖြစ်သည်။ နိုင်ငံတော်အစိုးရက ပညာရေးဆိုင်ရာ အခြေခံကောင်းများ၊ ပညာရေး ပတ်ဝန်းကျင်ကောင်းများကို တည်ဆောက်ပေးနေသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏တိုးတက်ပြောင်းလဲမှုများနှင့် ဆက်စပ်အကျိုးဖြစ်ထွန်းစေမည့် ပညာရေးစနစ်ဖြစ်လာစေရန် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိရာ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာ ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းများဖြစ်လာရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

တစ်ချိန်သောအခါက ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးကြီးပေးလိုက်ရသော်လည်း တိုင်းရင်းသားချင်း စည်းလုံးညီညွတ်မှု ပြိုကွဲစေရန် နည်းအမျိုးမျိုးဖြင့် ဖန်တီးခဲ့ကြသည်။ ယနေ့ကာလတိုင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနယ်ပယ်တို့တွင် ဩဇာလွှမ်းမိုးနိုင်ရေး စွက်ဖက်နှောင့်ယှက်နေကြဆဲ ဖြစ်သည်။

ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ သပ်လျှိုသွေးခွဲ အသုံးချမှုကြောင့် နိုင်ငံနှင့်လူမျိုး နယ်ချဲ့ဩဇာခံဘဝ မကျရောက်စေရေး သတိပြုကြရမည် ဖြစ်သည်။ နိုင်ငံသားတိုင်း၏ ရင်ထဲနှလုံးသားထဲတွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်မည်ဟူသည့် စိတ်ဓာတ်နှင့်ခံယူချက်များ ထာဝစဉ် စွဲမြဲ နေကြရမည်ဖြစ်သည်။

**ယနေ့အချိန်အခါတွင်နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ ညီညွတ်သောစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အကောင်အထည်ဖော်လျက်ရှိနေပြီ ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီနိုင်ငံတော် သစ် တည်ဆောက်ရေးတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။**

(၈၈)နှစ်မြောက်အမျိုးသားနေ့တွင် ချမှတ်ထားသည့် အမျိုးသားရေး ဦးတည်ချက်များသည် အမျိုးသားနေ့၏ ဗီဇအနှစ်သာရကို ပိုမိုရှင်သန်စေရန် ချမှတ်ထားကြောင်း တွေ့ရသည်။ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးတာဝန်မှာ တိုင်းရင်းသား၊ ပြည်သူတစ်ရပ်လုံးနှင့်သက်ဆိုင်သည်ဖြစ်ရာ နိုင်ငံသားတိုင်းက အမျိုးသားရေးအသိ၊ အမျိုးသားရေး အမြင်ဖြင့် ရှုမြင်ခံယူ၍ အမျိုးသားရေး ရည်မှန်းချက်များ အောင်မြင်စေရေး အမျိုးသားရေးအားမာန်အပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ရေးသားတင်ပြလိုက်ရပေသည်။ ။

**အမျိုးသားနေ့ အတိတ်သမိုင်းကြောင်းကို လေ့လာကြည့်လျှင် အမျိုးသားနေ့လှုပ်ရှားမှုသည် မူလက လူငယ်တို့၏ လှုပ်ရှားမှုဖြင့် စတင်ခဲ့သည်ကို တွေ့ရမည်ဖြစ်။ မျိုးရိုးဇာတိမာန် ရှင်သန်ထွန်းကား ပျံ့ပွားလာသောအခါ လူငယ်လှုပ်ရှားမှုသည် လူကြီးများနှင့်ပါစပ်ဆိုင်သော လှုပ်ရှားမှုကြီး တစ်ရပ်ဖြစ်လာ။ လူကြီးလူငယ်အတူလက်တွဲ၍ သူ့ကျွန်ဘဝမှ တစ်မျိုးသားလုံး လွတ်မြောက်နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းလာခဲ့ကြရာ မြန်မာ့လွတ်လပ်ရေးအောင်ပန်းကို တက်လှမ်းရယူနိုင်ခဲ့။ ဤဖြစ်စဉ်ဖြစ်ရပ်၏အကျိုးရလဒ်သည် မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်အရင်းခံ အကြောင်းတရားကြောင့်ပင်ဖြစ်။**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၁-၂၀၀၈ (စနေနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၅ ၄။ ကျန်းမာသုတ
- ၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ရင်နှင့်ရင်း၍ချစ်ရပါသော**

**လွင်မိုး၊ နန္ဒလှိုင် ဒါရိုက်တာ ကျော်ဇောလင်း**

- ၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂း၀၀ ၈။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၁၅ ၄။ မြန်မာသံစဉ် ချိုနားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၂၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေး တေးကဗျာ
- ၆း၂၅ ၁၂။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၂၅)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ လူ့ရွှင်တော်ရွှေဖလား
- ၁၉။ အင်္ဂလိပ်စာသုတ (English Usage)
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ငါးကလေး (အပိုင်း-၁၀)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

**❀ တိုးတက်မှု**

စိန်ပန်းသည် မြန်မာစက်မှုကဏ္ဍကို တစ်ခေတ် ဆန်းစေခဲ့သည်။ စက်မှုလုပ်ငန်းဝါသနာရှင်များသည် ကားအိုကားပျက်ကအစ ယခင်က စုဆောင်းရရှိထားသော သံတိုသံစများကို အားထားမှီခိုပြီး စွမ်းအားရှိသလောက် ကျိုးချက်လုပ်ကိုင်ခဲ့ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင်အစဉ်အလာရှိခဲ့သော မန္တလေးရတနာပုံကို ခေတ်မီတိုးတက်သည့် စက်မှုလုပ်ငန်းအဆင့်သို့ ရောက်ရှိအောင်ဆောင်ရွက်နိုင်ခဲ့သည်။ အသေးစားစက်ရုံလုပ်ငန်းကို အလတ်စားစက်မှုလုပ်ငန်းအဆင့်သို့ လည်းကောင်း၊ အလတ်စားစက်မှုလုပ်ငန်းကို အကြီးစားစက်မှုလုပ်ငန်းအဆင့်သို့လည်းကောင်း တက်လှမ်းရောက်ရှိနိုင်ရန်အတွက် မန္တလေးစက်မှုဇုန်ကို ၁၉၉၀ပြည့်နှစ်မှစတင်၍မန္တလေး-ရန်ကုန် ကားလမ်းအရှေ့ဘက် ပြည်ကြီးတံခွန်မြို့နယ်တွင် ဧရိယာ ၁၂၄၉ ဒသမ ၃၃၈ဧက၌ မြေကွက်ပေါင်း ၃၁၄၁ ကွက်ရှိသည့် စက်မှုဇုန်ကြီးအဖြစ် စုစည်းထူထောင်ပေးနိုင်ခဲ့သည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်တွင် တည်ရှိသည့် မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုး



မန္တလေးစက်မှုဇုန် မန္တလေးတော်ဝင် စက်မှုလက်မှု ကုမ္ပဏီလီမိတက်မှ စမ်းသပ် ထုတ်လုပ်သည့် လက်ကိုင်ကောက်ရိတ် စက်ဖြင့် လက်တွေ့စမ်းသပ် ပြသစဉ်။

တက်နေမှု အခြေအနေများကို သိရှိနိုင်ရန် ကွင်းဆင်းလေ့လာခဲ့ကြသည်။

နိုင်ငံတော်အနေဖြင့် အဆိုပါ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်နည်းစနစ်များ စနစ်တကျချမှတ်ထားသည်နှင့် အညီ မန္တလေးစက်မှုဇုန်ကို မန္တလေးတိုင်းဒေသဆိုင်ရာ စက်မှုလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီနှင့် မန္တလေးစက်မှုဇုန် ကြီးကြပ်ရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

မန္တလေးစက်မှုဇုန်တွင် စားသောက်ရေးလုပ်ငန်း၊ ဝတ်ဆင်ရေးလုပ်ငန်း၊ နေထိုင်ရေးလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အိမ်သုံးကုန်ပစ္စည်းလုပ်ငန်း၊ ပုံနှိပ်/စာအုပ်ထုတ်လုပ်ရေးလုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းလုပ်ငန်း၊ သတ္တု/ရေနံထွက်ပစ္စည်းလုပ်ငန်း၊ စိုက်ပျိုးရေးကိရိယာလုပ်ငန်း၊ စက်နှင့်စက်ပစ္စည်းကိရိယာလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး



**နိုင်ငံတော်မှပံ့ပိုးမှုဖြင့် မန္တလေးစက်မှုဇုန် မန္တလေးတော်ဝင်စက်မှုလက်မှုကုမ္ပဏီ၏ သံရည်ကျိုစက်ရုံ၌ လယ်ယာသုံးစက်အပိုပစ္စည်းများ ပုံသွန်းလောင်းနေစဉ်။**

လုပ်ငန်း၊ လျှပ်စစ်ပစ္စည်းလုပ်ငန်း၊ အထွေထွေစက်မှုလက်မှုလုပ်ငန်း စသည်ဖြင့် စက်ရုံအလုပ်ရုံ (ကြီး/လတ်/သေး) ယနေ့အထိ စက်မှုမှတ်ပုံတင်ထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်းပေါင်း ၁၂၈၃ ရှိသည်။

မန္တလေးစက်မှုဇုန်သည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် များစွာ အထောက်အကူပြုပေးနေသည့် စက်မှုဇုန်ကြီးဖြစ်သည်။ မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင် ၁၂ ဦးတို့က လယ်ယာသုံးစက်ပစ္စည်းကိရိယာ ၁၃မျိုး တို့တွင် အဓိကအားဖြင့် လက်တွန်းထွန်စက်၊ ဝန်တင်ထွေလာ ထွန်-ထယ်အမျိုးမျိုး၊ စပါးခြွေလှေ့စက်၊ ဆန်စက်၊ ရေဘုံပိုင်၊ ရေခရု၊ ရေစုပ်ပန့်အမျိုးမျိုးတို့ကို ထုတ်လုပ်ပေးလျက်ရှိပါသည်။

ယခုအခါ မန္တလေးစက်မှုဇုန်တွင် နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် အဆင့်မြင့် သံရည်ကျိုစက်ရုံကြီးကို မန္တလေးစက်မှုဇုန် မန္တလေးတော်ဝင်စက်မှုလက်မှုကုမ္ပဏီလီမိတက်၌ တည်ထောင်ပြီးပြီဖြစ်၍ နိုင်ငံခြားသွင်းကုန်အစားထိုးပစ္စည်းများအဖြစ် ဒိုင်နမို၊ မော်တာများ၊ STEEL BALL၊ BALL MAIL LINER၊ PANNAL CONTROL ဆိုဒ်မျိုးစုံ၊ လယ်ယာကဏ္ဍသုံးပစ္စည်းအစိတ်အပိုင်းများ၊ စက်ကိရိယာများ၊ စက်ပစ္စည်းများ၏ အရန်ပစ္စည်းများ၊ လက်ကိုင်ကောက်ရိတ်စက်၊ မီးရထားဇလီဖားတုံးလုပ်ငန်းသုံးပစ္စည်းများ၊ သံနန်းဆွဲလုပ်ငန်းမှ အသေးသုံးအရွယ်အစားဖြစ်သော COIL များ၊ ကြက်ဆူဆီကြိတ်စက်၊ ဘိုင်အိုဒီဇယ်မီးဖိုစသည့် ကုန်ထုတ်ပစ္စည်းများအား မြန်မာနိုင်ငံတော် တစ်ဝန်းလုံးသို့ မန္တလေးစက်မှုဇုန်ရှိ သံရည်ကျိုပုံလောင်းပုံဖိ၊ စက်ခုတ်စားစက်ရုံကြီးအနေဖြင့် ထုတ်လုပ်မှုနည်းစဉ်အတိုင်း အကောင်အထည်ဖော် ထုတ်လုပ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးစက်မှုဇုန်မှ သွင်းကုန်အစားထိုးပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းအရေအတွက် ၂၇ ခုရှိပြီး ထုတ်လုပ်သည့် ပစ္စည်းများမှာ ချည်မျိုးစုံ၊ စက်ဘီးတာယာ၊ ကျွတ်၊ မီးစက်၊ ခါတ်ခဲ၊ ဆပ်ပြာမှုန့်၊ သွားတိုက်ဆေး၊ စပရိန်မွေ့ရာ၊ ဂျပ်စက္ကူ၊ ချည်ကတ္တီပါ၊ Panal Board နှင့် ပလတ်စတစ်ဘူးမျိုးစုံတို့ ထုတ်လုပ်လျက်ရှိသည်။ သွင်းကုန်အစားထိုးပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းမှ တစ်နှစ်ထုတ်လုပ်မှုတန်ဖိုးသည် ငွေကျပ်သန်း ၄၉၀၄ ဒသမ ၆ ခန့်ရှိခဲ့သည်။

မန္တလေးစက်မှုဇုန်တွင် ပြည်ပပို့ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းမှာ အဓိကအားဖြင့် သစ်အချောထည်လုပ်ငန်းရှင် ၁၁ဦးရှိပြီး လေးဖက်ချောခွဲသား၊ ကြမ်းခင်းပါကေး၊ Flooring၊ Skirting ပရိဘောဂပစ္စည်းများနှင့် တန်ဖိုးမြင့်သစ်အချောထည်ပစ္စည်းများကို ပြင်သစ်၊ အီတလီ၊ ဂျပန်၊ တရုတ်၊ ထိုင်း၊ အင်္ဂလန်၊ ကိုရီးယား၊ စင်ကာပူနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ သစ်အချောထည်လုပ်ငန်းရှင်များသည် မြန်မာ့သစ်လုပ်ငန်းနှင့် ကုန်ကြမ်းပေးကုန်ချောယူစာချုပ်ချုပ်ဆို၍ အကျိုးတူဆောင်ရွက်ခြင်းကြောင့် ပြည်ပပို့ကုန်သစ်အချောထည်များကို သတ်မှတ်ကာလအတွင်း ထုတ်လုပ်တင်ပို့ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အာရှအချိုရည်ကိုလည်း မလေးရှားနှင့် ဒူဘိုင်းနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး သစ်အချောထည်စက်ရုံနှင့် အချိုရည်စက်ရုံများ၏ ပြည်ပသို့ တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ခဲ့သည်။

မန္တလေးစက်မှုဇုန်တွင် စက်နှင့်စက်ပစ္စည်း ကိရိယာထုတ်လုပ်ရေးလုပ်ငန်းရှင်ပေါင်း ၆၀ ရှိပြီး ၂၀၀၆-

**မန္တလေးစက်မှုဇုန် နိုင်ငံခြားသွင်းကုန်အစားထိုး မန္တလေးတော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သည့် လယ်ယာသုံး စက်ပစ္စည်းများကို တွေ့ရစဉ်။**



၂၀၀၇ခုနှစ် ထုတ်လုပ်ပြီးစီးမှုနှင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ထုတ်လုပ်ရန်လျာထားချက်နှင့် အညီ ထုတ်လုပ်နိုင်ခဲ့သည်။အထွေထွေလုပ်ငန်းများတွင် မန္တလေးစက်မှုဇုန်၌ ကြေးသွန်းလုပ်ငန်း၊ ကားဘော်ဒီလုပ်ငန်း၊ ဆေးသုတ်လုပ်ငန်း၊ ယာဉ်စက်ပြင်လုပ်ငန်း စသည့် အထွေထွေလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ တစ်နှစ်ထုတ်လုပ်နိုင်မှု တန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၂၆၂သန်းရှိသည်။ စက်မှုဇုန်အတွင်း ကြေးသွန်းလုပ်ငန်းရှင်ပေါင်း ၂၆ဦးရှိသည်။အဓိကုန်ကြမ်းဖြစ်သော ကြေးနီကိုသတ္တုတွင်းဝန်ကြီးဌာနမှ ဝယ်ယူရရှိသည်။ စက်မှုဇုန်အတွင်း ကုန်ထုတ်လုပ်မှုလျင်မြန်ချောမွေ့လာနိုင်စေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းအလုံး ၂၁၆၀ တပ်ဆင်ပေးထားပြီး ထပ်မံတိုးချဲ့ တပ်ဆင်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးစက်မှုဇုန် လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွင် စက်မှုဇုန်လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ခွဲရုံ (၁) တွင် (၁၀) (MVA) ထရန်စဖော်မာ နှစ်လုံး တည်ထောင်ထားပြီး ထရန်စဖော်မာ ၃၅၃လုံး၊ ပါဝါမီတာ ၁၀၁၈ လုံး၊ အိမ်သုံးမီတာအလုံး ၁၁၀၃၀တပ်



**မန္တလေး တော်ဝင် စက်မှုလက်မှု ကုမ္ပဏီလီမိတက်မှ သွင်းကုန် အစားထိုးစက်ပစ္စည်းများ ထုတ်လုပ်ထားရှိစဉ်။**

ဆင်သုံးစွဲလျက်ရှိသည်။ စက်မှုဇုန်တွင် လျှပ်စစ်ဓာတ်အားပိုမိုရရှိရေးအတွက် (၂၀) (MVA) ထရန်စဖော်မာ ဓာတ်အားခွဲရုံတွင် တစ်လုံးကိုထပ်မံတည်ထောင်၍ မန္တလေးစက်မှုဇုန်သို့ လျှပ်စစ်ဓာတ်အားဖြန့်ဝေ ပေးလျက်ရှိသည့်အပြင် စက်မှုဇုန်အတွင်း လျှပ်စစ်ဓာတ်အား သတ်မှတ်ချိန်အပြည့်အဝရရှိစေရေးအတွက် 20 MVA Line (၂)မိုင် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းရပ်နှစ်ခုအား တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ၂၀၀၇ခုနှစ် နိုဝင်ဘာ ၂၉ရက်တွင် အပြီးဆောင်ရွက်ကာ လျှပ်စစ်ဓာတ်အားကို သတ်မှတ်ချိန်ပြည့်ဝစွာ ဖြန့်ဖြူးပေးလျက် ရှိသည်။

မန္တလေးစက်မှုဇုန် နည်းပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်တွင်းသင်တန်းများကို မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လူ့စွမ်းအားပြုစုပျိုးထောင်ရေးကော်မတီနှင့် မန္တလေးစက်မှုဇုန်ကြီးကြပ်ရေးကော်မတီတို့က ကြီးမှူးကျင်းပသော ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ကနောင်ခန်းမ၌ ၉-၈-၂၀၀၄ မှ ၁၂-၈-၂၀၀၄ အထိ ကျင်းပခဲ့ရာ သင်တန်းအားသင်တန်းသူ ၅၁ဦး တက်ရောက်ခဲ့ပြီး စက်မှုဇုန်အတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အောက်ရှိစက်မှုသင်တန်းကျောင်းမှ ဘာသာရပ် လေးမျိုးဖြင့် သင်ကြားပို့ချခဲ့ရာ ယခုအခါ သင်တန်းအပတ်စဉ် (၁)မှ အပတ်စဉ် (၁၀) အထိဖွင့်လှစ်နိုင်ခဲ့ပြီး မော်တော်ယာဉ်သင်တန်းတွင် ၂၄ဦး၊ တွင်စက်မှုသင်တန်းတွင် ၁၁၃ဦး၊ သံဂဟေသင်တန်းတွင် ၉၇ဦး၊ ချုပ်စက်သင်တန်းတွင် ၅၅ဦး စုစုပေါင်းသင်တန်းသား ၂၈၅ဦးတို့ကို လူ့စွမ်းအားအရင်းအမြစ်နည်းပညာ ဖွံ့ဖြိုးတိုးတက်စေခဲ့သည်။

မန္တလေးစက်မှုဇုန်တွင် လူ့စွမ်းအားအရင်းအမြစ်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ပေးရေးအတွက် ၂၀၀၈ခုနှစ် မတ်လကုန်အထိ စက်မှုဇုန်အတွင်း ဝန်ထမ်းနှင့် အလုပ်သမားဦးရေမှာ ကျား ၈၀၈၀ ၊ မ ၃၃၃၅ဦး ပျိုးထောင်နိုင်ခဲ့သည်။

အနာဂတ်နိုင်ငံတော်အတွက် နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့် လမ်းညွှန်မိန့်မှာချက်များ၊ အားပေးမှုများကို လေးနက်စွာခံယူရင်း မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မန္တလေးစက်မှုဇုန်က ဖော်ဆောင်ပေးနိုင်ခဲ့သည်။ လက်တွဲညီညာမှု အစဉ်အလာကောင်းများကို ထိန်းသိမ်းနိုင်ခဲ့သည်။ ချုပ်၍ဆိုလျှင် စက်မှုကဏ္ဍကို အခြားအဆင့်များထက် ကျော်လွန်၍ ကမ္ဘာ့အဆင့်အတန်းမီရမည်ဆိုသည့် အဓိဋ္ဌာန်ဇွဲမာန်များဖြင့် ကြိုးစားလုပ်ဆောင်ထုတ်လုပ်နေကြသည်ကို တိုးတက်အောင်မြင်နေသည့် မန္တလေးစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ရကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

---

**ကနောင်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ**

**ရန်ကုန် နိုဝင်ဘာ ၂၁**

ကနောင်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၁၅)၊ နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအတွက် လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဦးတင်ဝင်း ဖုန်း- ၂၉၂၂၁၃၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ထွန်းကြည် ဖုန်း-၅၈၀၃၆၀၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးအောင် ဖုန်း- ၇၀၈၃၆၀၊ ဦးလှနိုင် ဖုန်း- ၃၇၉၃၉၆၊ တွဲဖက်အတွင်းရေးမှူး ဦးလေးအောင် ဖုန်း- ၅၄၁၅၅၁၊ တွဲဖက်အတွင်းရေးမှူး ဦးနေဝင်းအောင် ဖုန်း-၀၉ ၅၀၆ ၂၉၉၀၊ အတွင်းရေးမှူး ဦးချစ်ထွေး ဖုန်း- ၀၉ ၅၁၈ ၇၇၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# တရုတ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့၌ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၂၁

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးမြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Guan Mu နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နိုဝင်ဘာ ၁၉ရက် ညနေပိုင်း တွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီဗဟိုကော်မတီအတွင်းရေးမှူးခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်Mr. Tang Ying နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ထို့နောက် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မန္တလေးတောင်တော်ဆုတောင်းပြည့်မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မန္တလေးမြို့၏ ညနေဆည်းဆာကို မန္တလေးတောင်တော်မှ ကြည့်ရှုကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ကုသိုလ်တော်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ကုသိုလ်တော်စေတီတော် ပရိဝုဏ်အတွင်းရှိ ကျောက်စာချပ်များကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား Mandalay Hill Resort ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်သို့ သွားရောက် ကြည့်ရှုလေ့လာကြပြီး ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်ကိုလည်း ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည် ထွက်ခွာသွားကြရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu၊ ကောင်စစ်ဝန်ချုပ် Mr. Tang Ying နှင့် သံရုံးအဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

# မြန်မာ့အားမာန်

❋ မြန်မာဟူသည်၊ သူတစ်ပါး၏
ကူထားဖေးထောက်၊ လောင်းရိပ်အောက်၌
ဝမ်းမြောက်ခုံမင်၊ မပျော်ရွှင်ဘဲ
ရှင်သန်လွတ်လပ်၊ နေထိုင်တတ်သည်
မြတ်သော စိတ်နေ ရှိတကား။

❋ မြန်မာဟူငြား၊ သူတစ်ပါးက
သနားကြင်နာ၊ ပေးကမ်းစာကို
စိတ်မှာ ကြောင့်ကြ၊ မတောင့်တဘဲ
ကိုယ်ကသာလျှင်
ပေးချင်ကမ်းချင်၊ လှူဒါန်းချင်သည်
ဖြူစင်စိတ်ထား ရှိတကား။

❋ မြန်မာဟူက၊ ကိုယ့်ဘဝကို
ကိုယ်ထ ကိုယ်ထူ၊ ကိုယ့်ဟန်မူဖြင့်
ခံယူပြုပြင်၊ ဖန်တီးချင်၏
သူ့တွင် မမျှော်၊ သူ့ပေါ်မကျို့
သူ့သို့ မချဉ်း၊ မှီခိုကင်းလျက်
ပြည်တွင်းအားသာ၊ ကိုးစားရာဟု
ခိုင်မာစိတ်ထား ရှိတကား။

❋ သြော်. . . မြန်မာ မြန်မာ၊ ဒို့မြန်မာကား
ကမ္ဘာ ကမ္ဘော၊ ရှေးပဝေက
ကောင်းမွေဆက်ခံ၊ ကောင်းစိတ်လှုံ့ခဲ့
နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့်
ပြည့်သိပ်ခိုင်မြဲ၊ ခရီးခဲကို
လက်တွဲ နောင်ညီ၊ ကျော်ဖြတ်မည်တည့်
ပြည့်ဝန်တိုင်းကျိုး၊ ထမ်းသယ်ပိုးရင်း
အမျိုးသားရေး၊ နိုးကြားသွေးဖြင့်
ရှေ့ရေးဖြောင့်တန်း၊ ညီစွာလှမ်းလျက်
အောင်ပန်းထာဝရ၊ ဆွတ်ချူကြမည်
မြန်မာ့အားမာန် အပြည့်တကား။ ။

**(၈၈)နှစ်မြောက်အမျိုးသားနေ့ကို ဂုဏ်ပြုလျက်. . .**

**မြင်းမူမောင်နိုင်မိုး**

# ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင် သင်တန်းများဆင်းပွဲတွင် ထူးချွန်ဆုများချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၁

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်သည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၉/၃၀)၊ အဆင့်မြင့်အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၉)၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ်(၆)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၅၆/၅၇) သင်တန်းများ ဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။**





**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင် စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂၉/၃၀)၊ အဆင့်မြင့် အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၉)၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း(ကြိမ်/ဝါး)သင်တန်းအမှတ်စဉ်(၆)နှင့် စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၅၆/၅၇)သင်တန်းများ ဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်သည် စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂၉)တွင် စံပြသင်တန်းသားဆုရရှိသူ ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးသောင်းထိုက်၊ စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ်(၃၀)တွင် စံပြသင်တန်းသားဆုရရှိသူ နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)မှ နည်းပြ ဦးထွန်းထွန်း၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၉)တွင် စံပြသင်တန်းသူဆုရရှိသူ ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းမှ လက်ထောက်နည်းပြ ဒေါ်ဝေဝေအောင်တို့အား လည်းကောင်း၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး)သင်တန်းအမှတ်စဉ်(၆) ကြိမ်ဘာသာရပ်တွင် စံပြသင်တန်းသူဆုရရှိသူ ပခုက္ကူအမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ ပစ္စည်းထိန်း-၄ ဒေါ်အိကေခိုင်၊ ဝါးဘာသာရပ်တွင် စံပြသင်တန်းသူဆုရရှိသူ ဆိပ်ဖြူအမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ နည်းပြ ဒေါ်လေးလေးစံတို့အားလည်းကောင်း၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၅၆)တွင် စံပြသင်တန်းသားဆုရရှိသူ ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အကြီးတန်းစာရေး ဦးသန်းနိုင်ဝင်း၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၅၇)တွင် စံပြသင်တန်းသားဆု ရရှိသူ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ အငယ်တန်းစာရေး ဦးစောကောင်းမြတ်မင်းတို့အား လည်းကောင်း ထူးချွန်ဆုများ ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူ ကိုယ်စားလှယ်များသို့ ပေးအပ်သည်။

အဆိုပါ သင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ ၁၅၇ဦး တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်ခဲ့သည်။

သင်တန်းများ ဆင်းပွဲအပြီးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် အဆင့်မြင့်အိမ်တွင်းမှု သင်တန်းသူများ၏ လက်တွေ့ချုပ်လုပ်မှုနှင့် သင်တန်းသူများချုပ်လုပ်ထားသည့် အဝတ်အထည်လက်ရာများကိုလည်းကောင်း၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းသူများ၏ လက်တွေ့လေ့ကျင့်သင်ကြားနေမှုနှင့် သင်တန်းသူများ၏လက်ရာကြိမ်ထည်၊ ဝါးထည် လက်မှုအသုံးအဆောင် ပစ္စည်းများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာနှင့် ဗဟိုလေ့ကျင့်ရေးကျောင်း၏ နှစ်ရှည်သီးနှံ၊ ရာသီသီးနှံစိုက်ပျိုးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံစာစစ်အဖွဲ့မှ တက္ကသိုလ်ဝင်ကျောင်းသား ကျောင်းသူများအတွက် စာအုပ်ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံ စာစစ်အဖွဲ့မှ ၂၀၀၈ခုနှစ် ပြည်နယ်နှင့်တိုင်းများတွင် စစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းများနှင့် အဖြေများ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ)စာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ စာအုပ်တွင် သက်ဆိုင်ရာ တက္ကသိုလ်များမှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများကိုယ်တိုင် ဖြေဆိုချက်များကို အမှတ်ပေးစည်းမျဉ်းနှင့်အညီရေးသားပြုစုထားသော စာအုပ်ဖြစ်ပြီး ကျန်ဘာသာတွဲများဖြစ်သော (ဓာတု၊ရူပ၊ဇီဝ)၊ (ဓာတု၊ရူပ၊ဘောဂ)၊ (ပထဝီဝင်၊ သမိုင်း၊ဘောဂ) စာအုပ်များကိုလည်း ဆက်လက် ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)



ကွင်းလုံးပြည့် တစ်ခဲနက်အားပေးနေသည့် ပရိသတ်များ။

○ ကျောဖုံးမှ

လွင့်ပျံလာခဲ့ပြီး မြန်မာဘောလုံးပရိသတ်ကြီး၏ ကွင်းလုံးပြည့် လာရောက်အားပေးသံမှာလည်း ဘဝင်ညံသွားခဲ့သည်။ ဘောလုံးနှင့် ပတ်သက်လျှင် ဇွဲကောင်းသည့် မြန်မာဘောလုံးပရိသတ်မှာ ပွဲမစမီ နာရီပေါင်းများစွာအလိုကပင် ရောက်ရှိခဲ့ကြခြင်း၊ ပွဲချိန်ပြည့် တစ်ခဲနက် အားပေးမှုကြောင့်လည်း မြန်မာအသင်း ယခုကဲ့သို့ ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။ "ဒို့မြန်မာနိုင်ပြီ"၊ "ချန်ပီယံမြန်မာ" စသည့် စာတန်းများ ကိုင်ဆောင်ပြီး နိုင်ငံအလံ ကြီးငယ်တို့ ဝှေ့ယမ်းကာ တစ်ခဲနက်အားပေးခဲ့ကြခြင်းဖြစ်သည်။ ၂၀၀၇ခုနှစ်ကကျင်းပခဲ့သောအာဆီယံ



မြန်မာအသင်းမှ ဇော်လင်းထွန်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို အင်ဒိုနီးရှားဂိုးသမား ကာကွယ်စဉ်။

ယူ ၁၈ ပြိုင်ပွဲအပြီး ယင်းကဲ့သို့ ကွင်းပြည့် ကွင်းလျှံအောင် မြန်မာဘောလုံးပရိသတ်များ လာရောက်အားပေးခဲ့ခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ မြန်မာအသင်းမှာ အကြိုဗိုလ်လုပွဲ၌ မလေးရှားကို အနိုင်ရခဲ့သည့် လူစာရင်းအတိုင်း ပွဲထွက်ခဲ့ပြီး အင်ဒိုနီးရှားအသင်းမှာလည်း လူစုံထုတ်ကာ ရင်ဆိုင်ခဲ့သည်။ နှစ်သင်းစလုံး အနိုင်ရရှိရေးအတွက် အားကုန်ထုတ်၍ ကစားခဲ့သောကြောင့် ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး မြန်မာဘောလုံးပရိသတ်များ ကြည့်ရှုရကျိုး နပ်ခဲ့သော ပွဲဖြစ်ခဲ့သည်။ ပွဲအစ ခြောက်မိနစ်တွင် မြန်မာအသင်း ဗွေဆော်ဦးဂိုး ရရှိသွားပြီးဇော်ထက်အောင်၏ပြစ်ဒဏ်ဘောကို အသင်းခေါင်းဆောင် စိုးမြတ်မင်းက ခေါင်းတိုက်သွင်းယူသွားခြင်းဖြစ်သည်။

အင်ဒိုနီးရှား၏ ခြေစွမ်းမှာ အုပ်စုပွဲစဉ်တွင် မြန်မာနှင့် တွေ့ဆုံစဉ်က ခြေစွမ်းမျိုးမဟုတ်ဘဲ မြန်မာဘက်သို့ ခြိမ်းခြောက်နိုင်ခဲ့သည်။ အထူးသဖြင့် ဘမ်ဘန်းနှင့် မူဆာဖီတို့ တိုက်စစ်အတွဲမှာ မြန်မာခံစစ်ကို ဒုက္ခပေးနိုင်ခဲ့သည်။ ၁၄မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ပေးလိုက်ရပြီး ဘယ်ခြမ်းမှ မူဆာဖီဖြတ်ပို့သော ဘောလုံးကို မိုးဝင်းဖျက်ထုတ်ရာမှ ကိုယ့်ဂိုးထဲ ကိုယ်ဝင်သွားခြင်းဖြစ်သည်။ ဂိုးမပေးရစဉ်တွင်လည်း အင်ဒိုနီးရှားအသင်း ဂိုးရနိုင်သည့် အခွင့်အရေးများ ရရှိခဲ့ပြီး အောင်အောင်ဦး လက်စွမ်းပြ ကာကွယ်နိုင်၍သာ ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။ သရေဖြစ်ပြီး နောက်ပိုင်းတွင် မြန်မာအသင်း ပိုမိုဖိကစားနိုင်ခဲ့ပြီး စိုးမြတ်မင်း၊ မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်းနှင့် ဇော်ထက်အောင်တို့၏ ဂိုးသွင်းမှုများ လွဲချော်ခဲ့၍ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။

ဒုတိယပိုင်းအစတွင် အင်ဒိုနီးရှားအသင်းမြန်မာဘက်သို့ တိုက်စစ်ဆင်လာနိုင်ပြီး သေချာပေါက် ဂိုးသွင်းမှုများကိုမြန်မာဂိုးသမားအောင်အောင်ဦးနှင့် နောက်ခံလူများ ကာကွယ်ဖျက်ထုတ်နိုင်ခဲ့သည်။ မိနစ် ၅၀ ကျော်တွင် မြန်မာအသင်း တိုက်စစ်ကစားပုံ ပိုကောင်းလာပြီး ၆၅ မိနစ်တွင် မြန်မာအသင်း အနိုင်ဂိုးရရှိသွားသည်။ ဘယ်ခြမ်းနားတွင် ရရှိသော ပြစ်ဒဏ်ဘောကို ဇော်ထက်အောင် ကန်တင်ပေးရာ စိုးမြတ်မင်းက ဂိုးထောင့်ထဲသို့ ခေါင်းတိုက်သွင်းယူသွားခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းက အနိုင်ကို ထိန်းကစားသွားပြီး ပွဲအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ မြန်မာအသင်းအနိုင်ရရှိသွားသောကြောင့် ကွင်းလုံးပြည့်လာရောက်အားပေးကြသော ပရိသတ်ကြီးလည်း အားပေးရကျိုးနပ်ခဲ့သည်။

ပွဲအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ International Beverages Trading Co., Ltd. မှ Executive Director ဦးဇော်ထိုက်က ဗိုလ်လုပွဲ၏ အကောင်းဆုံးဆုရ စိုးမြတ်မင်းအား ဆုကြေး အမေရိကန်ဒေါ်လာ ၂၀၀ ကိုလည်းကောင်း၊ International Beverages Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်ကပွဲစဉ်တစ်လျှောက်အကောင်းဆုံးဘောလုံးသမားဆုရ ရာဇာဝင်းသိန်းအား ဆုကြေးဒေါ်လာ ၁၀၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဗိုလ်လုပွဲတွင်တာဝန်ထမ်းဆောင်ခဲ့ကြသော ဒိုင်လူကြီးလေးဦးအား အမှတ်တရ ပစ္စည်းများကိုလည်းကောင်း၊ ဒုတိယဆုရ အင်ဒိုနီးရှားအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး ဒေါ်လာ ၇၅၀၀ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဆုရ မြန်မာအသင်းအား ဆုဖလား၊ တစ်ဦးချင်း ဆုတံဆိပ်နှင့် ဒေါ်လာ ၁၅၀၀၀ကို ပေးအပ်ချီးမြှင့်သည်။

မြန်မာအသင်းတွင် ဂိုး-အောင်အောင်ဦး၊ နောက်တန်း-မင်းသူ၊ဟန်ဝင်းအောင်၊ဇော်လင်းထွန်း၊ မိုးဝင်း၊ခင်မောင်လွင်၊ အလယ်တန်း-မျိုးမင်းထွန်း၊ရာဇာဝင်းသိန်း၊အောင်မျိုးသန့်၊ ဇော်ထက်အောင်၊ ရှေ့တန်း-စိုးမြတ်မင်း၊ ထွန်းထွန်းဝင်းနှင့် ကျော်သီဟ၊အောင်ကျော်မိုးတို့ပါဝင်ကစားကြသည်။

အောင်ပွဲရ မြန်မာအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၁၀၀ချီးမြှင့်ခဲ့ပြီး အကြိုဗိုလ်လုပွဲတွင် အနိုင်ရစဉ်ကလည်း ကျပ် ၂၅သိန်း ချီးမြှင့်ခဲ့သည်။ (ကြေးမုံ)

နည်းပြချုပ် ဖလော်ပါအားကိုင်မြှောက်၍ အောင်ပွဲခံနေစဉ်။



## အင်တာနက်နည်းပညာသတင်း

# အလူမီနီယံသတ္တုကိုသုံးစွဲကာ ကားများကိုတည်ဆောက်လာမည်

ဘာသာပြန်

စံစံ

**နယူးယောက် နိုဝင်ဘာ ၂၁**

အနာဂတ်ကာလတွင် မော်တော်ယာဉ်များ ထုတ်လုပ်ရာ၌ အလူမီနီယံသတ္တုကို သုံးစွဲလာကြမည်ဖြစ်ကြောင်း၊ အလူမီနီယံသတ္တုဖြင့် တည်ဆောက်ထားသော ကားများသည် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီပြီး ယင်းကားများဟောင်းမြည့်သည့်အခါ အလူမီနီယံသတ္တုကို တစ်ကျော့ပြန် ထုတ်ယူနိုင်စွမ်းလည်း ရှိမည်ဖြစ်ကြောင်း အမေရိကန် နည်းပညာသုတေသနဌာနတစ်ခုမှ တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၂၁ရက်တွင် ပြောကြားသည်။

ဆီစားသက်သာမှုရှိခြင်း၊ ဓာတ်ငွေ့ ထုတ်လွှတ်မှု နည်းပါးခြင်း၊ အသုံးပြုပြီး သတ္တုကို ပြန်လည်အသုံးပြုနိုင်ရန် တစ်ကျော့ပြန် ထုတ်လုပ်နိုင်ခြင်း (recycling) စသည့် ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသော ကားများကို ထုတ်လုပ်နိုင်ရန် ဦးတည်လာသော ယနေ့ကာလတွင် မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်း၌ အလူမီနီယံသတ္တုကို သုံးစွဲလာကြမည်ဖြစ်ကြောင်း အယ်လ်ကိုအာနည်းပညာဗဟိုဌာနမှညွှန်ကြားရေးမှူး ဒေါက်တာ ရစ်ဝင်တာက ပြောကြားသည်။

အလူမီနီယံသတ္တုသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ခြင်း မရှိကြောင်း၊ ယင်းသတ္တု အသုံးပြုကာ တည်ဆောက်ထားသော ကားမှာလည်း ဘေးအန္တရာယ် လုံခြုံမှုရှိကာ မောင်းနှင်ခြင်းဆိုင်ရာ စွမ်းဆောင်ရည် မြင့်မားကြောင်း ၎င်းက ပြောကြားသည်။



ပေါ့ပါးပြီး ဘော်ငွေရောင်အဆင်းရှိ အလူမီနီယံသတ္တုသည် သံချေးတက်နိုင်ခြင်းမရှိပေ။ **(အောက်ပုံ)**

၁၉၉၀ ပြည့်နှစ်မှစ၍ မော်တော်ကားများ ထုတ်လုပ်ရာတွင် အလူမီနီယံသတ္တုကို သုံးစွဲလာခဲ့ကြောင်း၊ အလူမီနီယံဖြင့် တည်ဆောက်ထားသောကားများကို ထုတ်လုပ်ခြင်းဖြင့် ဓာတ်ဆီသုံးစွဲရမှု လျှော့ချနိုင်ပြီး ဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှုကိုလျှော့ချနိုင်ကြောင်း ဝင်တာက ပြောကြားသည်။

အသုံးပြုပြီး အလူမီနီယံကို တစ်ကျော့ပြန် ထုတ်လုပ်ရာတွင် စွမ်းအင်သုံးစွဲရမှုမှာ မူလအလူမီနီယံ ထုတ်လုပ်စဉ်က သုံးစွဲခဲ့ရသောစွမ်းအင်ပမာဏ၏ ငါးရာခိုင်နှုန်းမျှသာရှိကြောင်း ၎င်းကပြောကြားသည်။ အင်တာနက်။

## ညွှန်ကြားရေးမှူးချုပ်ဦးအေးလွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၁**

အမှတ် (၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် နိုဝင်ဘာ ၂၀ရက်တွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ မိုးကြိုးပစ်- အခြေခံပညာအထက်တန်းကျောင်းခွဲ၊ ဝက်ဝံ-တွဲဖက်အခြေခံပညာအထက်တန်းကျောင်းတို့ကိုရောက်ရှိပြီး စာပေသင်ကြားမှုအခြေအနေ ကျောင်းအဆောက်အအုံများအခြေအနေ၊ သိပ္ပံလက်တွေ့ခန်းများ အသုံးပြုသင်ကြားမှုအခြေအနေ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေးမြင့်မားရေး၊ သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများကို ထိရောက်စွာအသုံးပြုသင်ကြားရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး၊ ဘာသာရပ်တစ်ခုချင်းစီ၏ အောင်ချက်တိုးတက်မြင့်မားရေး၊ ဘာသာရပ်မှူးများက ဘာသာရပ်အလိုက် ကြပ်မတ်ဆောင်ရွက်ရေး၊ Guardian စနစ်ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကျောင်းသား၊ ကျောင်းသူများအား လေ့ကျင့်ခန်းများပေး၍ စစ်ဆေးကြပ်မတ်ပေးရေး၊ လပိုင်းမာတိကာနှင့် အညီသင်ကြားရေး၊ အခန်းဆုံးစစ်ဆေးမှုများအား သတ်မှတ်ကာလအတိုင်း စစ်ဆေးပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ဆရာ၊ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အကြိမ်(၂၀)မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

အကြိမ် (၂၀)မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ရာ ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက ရွှေ ၂၇ ခု၊ ငွေ ၂၂ ခု၊ ကြေး ခုနစ်ခုဖြင့် တံခွန်စိုက်ဒိုင်းဆုကြီးကို ရရှိသည်။ ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်းက ရွှေ ၄၂ ခု၊ ငွေ ၄၅ ခု၊ ကြေး ခုနစ်ခု ရရှိပြီး မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အကျော့မဲ့ပြိုင်ပွဲ၌ ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း) (Winner)၊ ဗိုလ်ကြီးမင်းချိုဦး(ငြိမ်း) (1st Runner)၊ ဗိုလ်ကြီးသောင်းညွှန့် (ငြိမ်း) (2nd Runner)၊ အကျော့ပေးပြိုင်ပွဲတွင် ဗိုလ်မှူးသိန်းရွှေမြင့်(ငြိမ်း) (Winner)၊ ဗိုလ်မှူးမြတ်စိုး(ငြိမ်း) (1st Runner)၊ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း) (2nd Runner)၊ ဗိုလ်ကြီးဝင်းအောင်(ငြိမ်း) (Most Bardier)၊ ဗိုလ်ကြီးစိုးသိန်း(ငြိမ်း) (Most Par)၊ ဗိုလ်ကြီးဝဏ္ဏဝင်း(ငြိမ်း) (Longest Drive)၊ ဗိုလ်ကြီးအောင်နိုင်(ငြိမ်း) (Nearest Pin)၊ ဗိုလ်ကြီးဇော်မင်းအောင်(ငြိမ်း) (Best Loser)တို့ အသီးသီးရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ဆုပေးအပ်ချီးမြှင့်

**အကြိမ်(၂၀)မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၏ ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကြီးရရှိသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က ဆုပေးအပ်ချီးမြှင့်စဉ်။** (အား/ကာ)

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၁၁၅) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ် စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၁၁၅)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

**(အောက်ပုံ)**




မြတ်ဘုန်း(တပ်ကုန်း)၊ ညီသစ်ဆင်း(ညောင်ဦး)၊ မောင်စိမ်းနောင် (လယ်ဝေး)၊ အေးမြင့်အေး (တပ်ကုန်း)၊ စောလွမ်းသိမ်း(ရသစာပေ)၊ မောင်တင့်လွင်(ပေါက်)၊ ဝင်းနွယ် (သစ်တော)၊ မင်းသွေးနွယ် (ဇီးကုန်း)၊ ဦးဟန်စိန်၊ ရွှေခြံဆွေဦး၊ မြမျိုးလုံ (ကလော)၊ နေကိုရိုင်း(သန်လျင်)တို့၏ အဖွင့်ကဗျာများ၊ မောင်စိုးထိုက် (သုံးဆယ်)၊ စောမုံညင်း၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ သက်ဦးနိုင်(မြဝတီ)၊ တက္ကသိုလ်တင်ခ၊ လှိုင်ဝင်းဆွေ၊ ကိုထွန်းထွန်း (သာယာဝတီ)၊ မောင်နန္ဒာ(မန္တလေး)၊ မောင်ခင်မင်(ဓနုဖြူ)၊ မှူးခင်(ရွှေပြည်သာ)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ စာတည်းအဖွဲ့ဝင်တစ်ဦး၊ စိုင်းလွဏ်းအောင်၊ ဒေါက်တာချိုချိုတင့် (မြန်မာစာ)၊ ပန်းတနော်စောလွင်၊ တက္ကသိုလ်စိုးယဉ်၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ ဆရာမမှုပါလ၊ ဦးကျော်ကျော်သန်း(ရွှေဘို)၊ ရှေ့ဆောင်တင်ဆွေတို့၏ ဆောင်းပါးများ၊ စစ်ကိုင်းစိမ်းစိမ်း၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မြန်မာ့အသံသိန်းဟန်၊ ဝင်းသစ္စာ(သမ္ဘူလ)၊ ကိုဇော်ဝင်း (လှတော)၊ စိုးဝေလွင်(တောင်သာ)၊ နွယ်ဇင်ဦး (မြန်မာစာ)၊ ပိုနေမြဲ (ဝက်လက်)၊ မောင်ကြည်မော်(စကု)၊ မြတ်နိုး၊ မင်းဦး (ဒဿန)၊ ဖိုးစီ၊ ဟန်ထွေးနိုင်တို့၏ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်၊ ကာတွန်း၊ တောဓလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်များဖြင့် သုတ၊ ရသ စုံလင်စွာဖြင့် တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း- ၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်း ဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း- ၇၂၅၅၃၀၊ အခြားဆိုင်ကြီးများနှင့် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ညအပူချိန်များ အနည်းငယ်တိုးလာနိုင်

ရန်ကုန် နိုဝင်ဘာ ၂၁

**ယနေ့နံနက် ၉နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** လှိုင်လင်မြို့တွင် ၂ ဒသမ ၀၉ လက်မဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**နိုဝင်ဘာ ၂၂ ရက် ညနေထိ ခန့်မှန်းချက်။** ။တနင်္သာရီတိုင်းတွင် မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့် ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်။** ။တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**၂၀၀၈ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်များ။** လာမည့် သီတင်းပတ်ကုန် ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၀ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၈၇ ဒီဂရီဖာရင်ဟိုက်)၂၀-၁၁-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ဒီဂရီဖာရင်ဟိုက်)၂၁-၁၁-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၆၄ ရာခိုင်နှုန်း ၂၁-၁၁-၂၀၀၈

နေပူသည့်နာရီပေါင်း ၈ ဒသမ ၅ နာရီခန့် ၂၀-၁၁-၂၀၀၈

# အလွတ်တန်းနှင့် သက်တမ်းအလိုက် ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အလွတ်တန်းနှင့် သက်တမ်းအလိုက် ဘတ်စကက်ဘောပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အတန်းငါးတန်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အလွတ်တန်း အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် (၂၀) အောက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် (၄၀) အထက် အမျိုးသားပြိုင်ပွဲတို့ကို ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်အထိလည်းကောင်း၊ အသက်(၁၆) နှစ်အောက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် (၁၃)နှစ်အောက် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့ကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိလည်းကောင်း ကျင်းပမည် ဖြစ်သည်။ အသက် (၁၃)နှစ်အောက်နှင့် (၁၆) နှစ်အောက် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအနေဖြင့် အသက်စိစစ်နိုင်ရန် မွေးစာရင်းမူရင်း၊ ကျောင်းအုပ်ကြီးသို့မဟုတ် မြို့နယ်ပညာရေးမှူးထောက်ခံချက်ပါရှိရမည်ဖြစ်ပြီး ဝင်ကြေးအဖြစ် တစ်သင်းလျှင် ငွေကျပ်ငါးထောင်နှင့်အတူ ဒီဇင်ဘာ ၈ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။ အလွတ်တန်းနှင့် အသက် (၂၀) အောက်ပြိုင်ပွဲများအတွက် အသင်းဝင်ကြေးအဖြစ် ငွေကျပ်တစ်သောင်း သတ်မှတ်ထားပြီး ယင်းအတန်းနှစ်တန်းအပါအဝင် အသက် (၄၀) အထက် ပြိုင်ပွဲဝင်မည့် အသင်းများအနေဖြင့်ဒီဇင်ဘာ ၁ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်အသင်းများအားအသက်ကန့်သတ်ချက်အဖြစ် ၁၆နှစ်အောက်ပြိုင်ပွဲအတွက် ၁၉၉၂ခုနှစ် မွေးဖွားသူ ၁၃နှစ်အောက် ပြိုင်ပွဲအတွက် ၁၉၉၅ ခုနှစ်မွေးဖွားသူ၊ အသက်(၂၀)အောက်ပြိုင်ပွဲအတွက် ၁၉၈၈ ခုနှစ်မွေးဖွားသူများ ဖြစ်ရမည်ဖြစ်ပြီး အလွတ်တန်း (၂၀) အောက်နှင့် (၄၀) အထက်ပြိုင်ပွဲများအတွက် အုပ်ချုပ်သူအစည်းအဝေး၊ ပွဲစဉ်ရေးဆွဲခြင်းနှင့် အသက်စိစစ်ခြင်းကို ဒီဇင်ဘာ ၄ ရက်နှင့် အသက်(၁၃)နှစ်အောက်နှင့် (၁၆)နှစ်အောက်ပြိုင်ပွဲအတွက် ပွဲစဉ်ရေးဆွဲခြင်း၊ အသက်စိစစ်ခြင်းနှင့် အုပ်ချုပ်သူအစည်းအဝေးကို ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။ နယ်မှလာရောက်ယှဉ်ပြိုင်သော အသင်းများအား ထောက်ပံ့ကြေး ငွေကျပ်တစ်သိန်း၊ တည်းခိုနေထိုင်ခြင်းနှင့် စားသောက်စရိတ်များကို မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ စီစဉ်ပေးသွားမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၁၄၂၁၊ ၀၉ ၅၁-၅၉၅၉၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

(ကြေးမုံ)

# အထက(၂)မြောက်ဥက္ကလာ ပုလဲရတုနှင့် အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၁**

၁၉၆၇ ပညာသင်နှစ်မှ ၂၀၀၈ ပညာသင်နှစ်အထိ အထက(၂) မြောက်ဥက္ကလာတွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုသူများ ဒေါ်ယဉ်ဌေး ဖုန်း-၀၉ ၅၀၆၁၁၃၉၊ ဦးစောရန်နိုင် ဖုန်း- ၀၉ ၅၁၈၂၀၇၂၊ ဦးသိန်းထွန်း ဖုန်း- ၀၉ ၅၀၁၈၈၃၃၊ ဒေါ်ခင်သက်မော် ဖုန်း-၀၉ ၅၀၂၃၁၇၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)



**ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ရွှေခရမ်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် တတိယအကြိမ်မြောက် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကို နိုဝင်ဘာ ၅ ရက်တွင် အသင်းရုံးခန်းမ၌ ကျင်းပရာ ပညာသင်ထောက်ပံ့ငွေ ရရှိကြသူ အသင်းသားမိသားစုဝင်များ၏ သား၊ သမီးများအား ရွှေခရမ်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးချိုက ထောက်ပံ့ချီးမြှင့်စဉ်။** (သတင်းစဉ်)

# (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

အလုံမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ရက် (အမျိုးသားနေ့)တွင် နံနက် ၁၀နာရီမှ ၁၂ နာရီအထိ ရှစ်မိုင်၊ မြိုင်ဟေဝန်ပန်းခြံရှိ ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ လာရောက်ဂါရဝပြုကြရန် ဖိတ်ကြားထားသည်။ အလှူငွေများကို လှူဒါန်းလိုပါက ကိုချိုမြင့် ဖုန်း- ၀၉၅၁၅၁၅၅၇၊ ကိုတိုင်းကျော် ဖုန်း-၀၁-၅၀၃၃၇၂၊ ကိုမြစိုး ဖုန်း-၀၉၅၂၀၃၁၉၉၊ မကျင်လှိုင် ဖုန်း-၀၁-၅၂၄၇၀၅၊ မဖြူဖြူစိန်ဖုန်း-၀၁-၅၂၆၁၈၇၊ ကိုဌေးလှိုင် ဖုန်း-၀၁-၂၁၂၁၃၅၊ မဆွေဆွေဦး ဖုန်း-၀၉၅၁၇၅၇၉၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ငွေကျပ် ၁၀၀ တန်ထီဖွင့်ပွဲ ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

(၂၃၉)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက် (တနင်္လာနေ့) တွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာအမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီမှ စတင်၍ ညနေ ၄ နာရီထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ (၃၈)ဆု၊ ငွေကျပ် ၁၀ သိန်း ၆၃၀ဆု၊ ငွေကျပ်ငါးသိန်း ၂၁ ဆု၊ ငွေကျပ် လေးသိန်း ၂၅ ဆု၊ ငွေကျပ်နှစ်သိန်း ၂၀၄ ဆု၊ ငွေကျပ် တစ်သိန်း ၁၆၂၀ ဆု၊ ငွေကျပ် ရှစ်သောင်း ၆၅ ဆု၊ ငွေကျပ် လေးသောင်း ၁၀၁ ဆုနှင့် ငွေကျပ်နှစ်သောင်း ၁၆၇၃၆ ဆု စုစုပေါင်း ၁၉၄၄၇ ဆုဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


GRAND ROYAL 08 challenge cup
Main Sponsor
GRAND ROYAL
Congratulations to the
Myanmar Football Team!
Myanmar
Malaysia
Indonesia
Vietnam
Olympic Team
Korea
Hyundai Club
Bangladesh
Organized by:
MYANMAR
FOOTBALL FEDERATION
ESTABLISHED 1947
GRAND ROYAL challenge cup ပြိုင်ပွဲ
သုံးနှစ်ဆက်တိုက်ချန်ပီယံ အောင်ပွဲရ မြန်မာဘောလုံးအသင်း၏
တစ်မျိုးသားလုံး ဂုဏ်ယူဝင့်ကြွားလောက်စရာ စွမ်းဆောင်မှုအတွက်
GRAND ROYAL မှ လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။
IBTC

# LAI LAI CHAUNG THA BEACH

*Special Promotion*

**10% Off**

အထူးအစီအစဉ်တစ်ရပ်အဖြစ် အခန်းခများကို
( 6- 10- 08 ) မှ ( 19- 12- 08 ) ရက် အတွင်း
ကြိုတင်မှာယူပါက အခန်းခနှုန်းထားများကို
၁၀ ရာခိုင်နှုန်း လျှော့ပေးပါမည်။

**Yangon Office : LAI LAI**

အမှတ်-၇၈၃၊မဟာဗန္ဓုလလမ်း၊(၁၃-လမ်းထောင့်)၊လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၁-၂၂၇၈၇၈ ၊ ၀၁-၂၂၇၈၃၅
Booking လက်ခံချိန် (ရုံးချိန်) နံနက် ၇း၀၀ မှ ညနေ ၅း၀၀ ထိ

**Chaung Tha Beach**

ဖုန်း - ၀၉-၈၅၆၈၂၅၈ ၊ ၀၉-၅၂၀၀၆၂၆ ၊
(၀၄၂) ၄၂၃၂၅



## အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ ချီးကျူးဂုဏ်ပြုခြင်း

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် (၁၀-၁၁-၀၈)မှ(၁၉-၁၁-၀၈) နေ့အထိ (၁၀) ရက်ကြာ ကျင်းပခဲ့သည့် အာဆီယံ (၁၀)နိုင်ငံ ပါဝင်သော 7th ASEAN Skills Competition ကျွမ်းကျင်မှုပြိုင်ပွဲတွင် အာဆီယံအဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်ခဲ့သော အာဘာဗီး ကုမ္ပဏီသင်တန်းကျောင်းအုပ်ကြီး ဦးအောင်နိုင်သူနှင့် Welding ဂဟေဆက်ဘာသာရပ် ကျွမ်းကျင်သူ ဇော်မင်းဦးတို့အား ချီးကျူးဂုဏ်ပြုအပ်ပါသည်။

ဦးစိန်ဖေ (မန်နေဂျင်းဒါရိုက်တာ) အာဘာဗီးကုမ္ပဏီ
၁၆၂၊ လမ်း ၅၀ (အထက်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်။
Ph : 201325, 0986-23463


## မြစ်ခြေ အထက (ပခုက္ကူမြို့နယ်) အာစရိယပူဇော်ပွဲနှင့် နှစ်(၅၀)ပြည့် ရွှေရတုသဘင်

**ရန်ကုန် နိုဝင်ဘာ ၂၁**

ပခုက္ကူမြို့နယ် မြစ်ခြေ အထက၏ အာစရိယ ပူဇော်ပွဲနှင့် အထက နှစ်(၅၀)ပြည့် ရွှေရတုသဘင် အခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်သဖြင့် တပည့် ကျောင်းသားဟောင်းများသည် အလှူငွေများကို ဦးဟန်မြင့် (တောင်ဥက္ကလာပမြို့နယ် ပညာရေးမှူး ဖုန်း- ၀၉၅၁၈၅၁၃၈၈)ထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားသည်။ (ကြေးမုံ)


သမားတော်ကြီးဦးရဲမြင့်၏

# ရွှေသမင်

အမှတ်တံဆိပ်

**ကျီးပေါင်းရောဂါ အထူးအုံဆေး (ကြပ်ထုပ်ဆေး)**




လည်ပင်း ကျီးပေါင်းတက်ခြင်း။ ခေါင်းအုံခေါင်းကိုက်ခြင်း။
ခါးဆစ်ရိုးကျီးပေါင်းတက်ခြင်း။ ဒူးဆစ် ကျီးပေါင်းတက်ခြင်း။
နာတာရှည် ခါးကိုက်ခြင်း။ အိပ်ရာထက်တွင်
ဝေဒနာခံစားနေရသော ကျီးပေါင်းရောဂါ
ဝေဒနာရှင်များအတွက် အားထားဖွယ်
ဤအထူးအုံဆေးကို ထပ်မံထုတ်လုပ်လိုက်ပါသည်။
ပြင်းထန်စွာ ဖြစ်ပေါ်ခံစားနေရသော
ဝေဒနာရှင်များကို ၎င်းအုံဆေးကြပ်ထုပ်ထိုးပေးခြင်းဖြင့်
ပျောက်ကင်းသက်သာစေပါသည်။


1510 YR005383


0109YR06467

**ကျီးပေါင်းဆိုလျှင် . . . ရွှေသမင်**

ထုတ်လုပ်မှုလိုင်စင်အမှတ် - ၆/၂၀၀၇၊ တဆထလ/တိုး (၀၈၇၄)

အမှတ် (၂)၊ ကန်သာယာလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၆၄၆၃၆၊ ၆၆၂၀၇၂၊ ၆၆၃၅၇၂၊
၇၆၊ ပန်းတင်လမ်း၊ ကြို့ပင်ကောက်မြို့ ပဲခူးတိုင်း။


မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်


အစိုးရရုံးများအနေဖြင့် ယူနီကုတ်စနစ်သုံးရန်အတွက်
Keyman pirate software ကို သုံးရန် မလိုတော့ပါ။

ကွန်ပျူတာဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါ၊
မရပါက တယ်လီဖုန်း ၃၈၇၃၀၅ သို့ ဆက်သွယ်ပါ၊

# MyMyanmar Unicode System 2009

ကွန်ပျူတာကို မြန်မာလိုသုံးနိုင်သည်၊ WindowsXP ကို မြန်မာဘာသာဖြင့် သုံးနိုင်သည်၊
Myanmar2 font အပါအဝင် ယူနီကုတ် font သုံးသူတိုင်းအတွက် ဖြစ်သည်၊ ယူနီကုတ် font ၁၀ မျိုး အခမဲ့ ပေးထားသည်၊
MyMyanmar Unicode System ထွက်လာပါပြီ၊
လက်ကွက်စနစ်ပြောင်းသုံးရန်မလိုဘဲ လက်ရှိ လက်ကွက်စနစ်အတိုင်း အသုံးပြုနိုင်သည်၊



## EC (၁၁)နှစ်ပြည့် အခမ်းအနား နှင့် ဆုနှင်းသဘင်

EC ပညာ့ရိပ်သာ (၁၁)နှစ်ပြည့် အခမ်းအနားနှင့်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကို
SEDONA HOTEL GRAND BALLROOM တွင်
(၆-၁၂-၂၀၀၈)ရက်နေ့ ညနေ (၄)နာရီမှ (၆)နာရီအထိ ကျင်းပမည်ဖြစ်ပါသဖြင့်
ဂုဏ်သရေရှိလူကြီးမိဘများ၊ ဆရာကျောင်းသား/သူများ ၊ ကျောင်းသား/သူဟောင်းများ
ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်၊

ဒေါက်တာစောလှဖြူ
M.B.,B.S (Ygn) D.B.A (UK)
ဦးစီးသော

# EC

(၂၀၀၉-၂၀၁၀) ပညာသင်နှစ်အတွက်
၂၅-၁၁-၂၀၀၈ မှ ၂၅-၁၂-၂၀၀၈ အတွင်း
ကြိုတင်အပ်နှံနိုင်ပါသည်၊

၆(က)၊ ကန်တော်ကြီးကန်ပတ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၈၉၄၀၊ ၅၄၈၆၄၀၊ ၅၄၅၃၉၄၊ ၀၉ ၅၀၆ ၂၉၉၅၊ ၀၉ ၅၁၄ ၂၅၉၉



# AURORA GROUP CONSTRUCTION & DECORATION (L.C-377)

AURORA GROUP

**တာဝန်ယူဆောက်လုပ်လျက်ရှိသော တိုက်ခန်းများအား အထူးဈေးနှုန်းများဖြင့် ရောင်းချပေးနေပါပြီ။**




အမှတ်(၆)၊ မြဝတီလမ်း၊ စမ်းချောင်းမြို့နယ်။ (ဓါတ်လှေကားပါဝင်သည်)




အမှတ်(၁၆)၊ကွက်သစ်လမ်း၊ပုဇွန်တောင်မြို့နယ်။




အမှတ်(၁၅၅)၊ ဗဟိုလမ်း၊ ကမာရွတ်မြို့နယ်။

- ခေတ်မီဒိုင်ခံ့လှပသော တိုက်ဆိမ်များ ဆောက်လုပ်ခြင်း။ (လုံးချင်း)
- အဆင့်မြင့်အဆောက်အအုံများကို ပုတ်ပြတ်စနစ်ဖြင့် ဆောက်လုပ်ခြင်း။
- အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ခြင်း တို့ကို ကျွမ်းကျင်သော ပညာရှင်များ အင်ဂျင်နီယာများ ကိုယ်တိုင် ကြီးကြပ်၍လူကြီးမင်းများ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

အမှတ်(၁၉၁)၊ အနော်ရထာလမ်း(၁၃လမ်းနှင့်၁၄လမ်းကြား)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Ph; 01-381455, 224676. HP; 09 5011477, 09 5116392, 09 5041549, 09 8610774, 09 8610664.

# Grand Royal Challenge Cup 2008

# အင်ဒိုနီးရှားကို အနိုင်ရပြီး မြန်မာအသင်း တတိယအကြိမ်ဗိုလ်စွဲ မြန်မာပရိသတ်များ ကွင်းပြည့်ကွင်းလျှံ လာရောက်အားပေး

**သတင်းနှင့်ဓာတ်ပုံ - စိုးညွန့်(ကြေးမုံ)**

ရန်ကုန် နိုဝင်ဘာ ၂၁

**တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့ ယနေ့ ညနေ ၃ နာရီတွင် သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။**

**မြန်မာ့လက်ရွေးစင်အသင်း - နှစ်ဂိုး**
(စိုးမြတ်မင်း)
**အင်ဒိုနီးရှားလက်ရွေးစင်အသင်း - တစ်ဂိုး**
**အကောင်းဆုံးဆု စိုးမြတ်မင်း (မြန်မာ)**
**ဒိုင်လူကြီး မဟာပတ်ချီရာအလီ (ထိုင်း)**

ယခုနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုနှင့်ဝေးကွာနေသည့် မြန်မာ့လက်ရွေးစင်အသင်းမှာ Grand Royal ဆုဖလားကြီးကို ဆွတ်ခူးရရှိခြင်းဖြင့် အောင်မြင်မှုနှင့် ဝေးကွာနေမှုများကို အဆုံးသတ်နိုင်ခဲ့ပြီ ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ Grand Royal Challenge Cup ပြိုင်ပွဲတွင် သုံးကြိမ်ဆက်တိုက် အနိုင်ရ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်း၏ ၂၀၀၈ခုနှစ်အတွင်း ပထမဦးဆုံးအောင်မြင်မှုနှင့်အတူ "ဒို့မြန်မာနိုင်ပြီ" ဆိုသည့် သီချင်းသံမှာလည်း သုဝဏ္ဏကွင်းထက်တွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

**ကွင်းလုံးပြည့် တစ်ခဲနက် အားပေးနေကြသည့် မြန်မာပရိသတ်ကို တွေ့ရစဉ်။**

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့် မြန်မာအသင်းအား ဆုဖလား ချီးမြှင့်စဉ်။







### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❁ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❁ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ယနေ့ ကြေးမုံ ဆောင်းပါးနှင့်ပြည်ပသတင်းများအညွှန်း



*ပြန်ပေးဆွဲခံရသည့် ဆော်ဒီ ရေနံတင်သင်္ဘော ဆိုမာလီတွင် ဆိုက်ကပ်။ (နိုင်ငံတကာသတင်း)* စာမျက်နှာ- ၄



*သားပိုက်ကောင်များသည် လူများနှင့် မျိုးဗီဇချင်း နီးစပ်သည်ကိုတွေ့ရှိ။ (နိုင်ငံတကာသတင်း)* စာမျက်နှာ- ၅

***မြန်မာတို့သည် အမျိုးကို စောင့်ရှောက်သူများဖြစ်ကြပြီး ခေတ်သမိုင်းအဆက်ဆက်တွင် ဝံသာနုရက္ခိတ တရားကို လက်ကိုင်ထားကာ ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့ကြသူများဖြစ်သည်။***

*(ကြည်ဝင်းညွန့် ဆောင်းပါး)* စာမျက်နှာ- ၆